မိကျောင်းဖြူကျေးရွာ
ပုလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိကျောင်းဖြူကျေးရွာ၊ ပုလောမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁
စကားချီး ၄
မိကျောင်းဖြူကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့်အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၄

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား(၂၈) ကျောင်းအပ်နှုန်း
ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား(၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား(၃၁) အဖြစ်များသော ရောဂါများ
ဇယား(၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) သောက်သုံးရေ ရရှိမှု
ဇယား(၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား(၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား(၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား(၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့် အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၃

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၅၆

ဇယား(၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၆၀

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၂

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၆၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မိကျောင်းဖြူကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထား သော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံချက်တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား

ပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေး စိတ် အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိကျောင်းဖြူကျေးရွာ
ပုလောမြို့နယ်

မိကျောင်းဖြူကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ်



ရည်ညွှန်း - မိကျောင်းဖြူကျေးရွာ၊ နန်းသီလာကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀-၂၁ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ပြောကြားချက်များအရ ကျွန်ုပ်တို့ ကျေးရွာတွင် စတင်လုပ်ဆောင်သည့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် သက်ဆိုင်ရာ မြို့နယ်အစိုးရ ဦးစီးဌာနများ၏ အကြံပြုချက်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်လုပ်ဆောင်မည့် တစ်နိုင်ငံလုံးလွှမ်းခြုံသက်ရောက်နိုင်သည့် နိုင်ငံတော်၏ အစီအစဉ်သစ်တစ်ရပ်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဤအစီအစဉ်သည် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ဦးဆောင်ကာ မိကျောင်းဖြူကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ကြသည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးမျှော်မှန်းချက်ပန်းတိုင်များ ဖော်ထုတ်ရေးဆွဲနိုင်ရေး၊ မိသားစုများ၏ ဘဝများတိုးတက်သာယာရေး၊ ရွာသူရွာသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ လျော့နည်းပျောက်စေရေး စသည်တို့အတွက် ကျေးရွာလူထုသည် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအမြင်များနှင့် စိတ်ကူးစိတ်သန်းများကို အခြေခံပြီးတက်ကြွစွာဖော်ထုတ် ရေးဆွဲ ခဲ့ခြင်း ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း အစီအစဉ်သည် ကျေးရွာလူထုနှင့် ကျေးရွာရှိ အစုအဖွဲ့ များ၏ စွမ်းရည်ကို မြှင့်တင်ပေးသည့် အစီအစဉ်တစ်ရပ်လည်း ဖြစ်ပါသည်။ ဤအစီအစဉ်တွင် အသုံးပြုသော နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများသည် ကျေးရွာရှိ အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးနှင့် စီမံအုပ်ချုပ်မှုစနစ် တိုးတက်ရေး၊ ကျေးရွာရှိ အရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန် အဆင်သင့်ဖြစ်စေရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာအတွင်းမှ စုပေါင်းလုပ်နိုင်စွမ်းအားများဖြင့် ဖြေရှင်းရေး၊ ပြင်ပအကူအညီများကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရေးစသည့် စွမ်းရည်များကို တိုးတက်လာစေမည်ဟု သိရပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ကျေးရွာ၏လက်ရှိ လူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများနှင့် ဖြစ်ရသည့်အ အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျင့်သုံးရမည့် နည်းဗျူဟာများနှင့် ကျေးရွာအဆင့်တွင် ပံ့ပိုးရမည့် အစီအစဉ်နှင့် စီမံကိန်းများကို ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤစီမံချက်သည် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆက်သွယ်ဆောင်ရွက် ရမည့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၊ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် အဖွဲ့များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုလည်း ရရှိရန် ဦးတည်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အောက်ဖော်ပြပါ အသုံးဝင်မှုများကို သိရှိစေရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည် -

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

- ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စု အထောက်အကူပြု ကော်မတီ (VTDSC)
- မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဦးစီးဌာနများ
- ခရိုင်ရုံးများ
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ

ဤအစီအစဉ်သည် မြို့နယ်အဆင့်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများ အနေဖြင့် ကျေးရွာလူထုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများ သတ်မှတ်ခြင်း၊ နည်းပညာအထောက်အပံ့များပေးခြင်း၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း တို့ ဆောင်ရွက်ရာတွင် ကိုးကားရမည့် မူဘောင်တစ်ခု ဖြစ်လာပါမည်။

ထို့အပြင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ထိုသို့ တင်ပြခြင်းဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများသည် ကျွန်ုပ်တို့ကျေးရွာအတွက် မူဝါဒဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ဆိုင်ရာ အကူအညီ များကို ပြင်ဆင်ဆောင်ရွက် ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ပဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်များနှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာနည်းကျကျ ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများအတွက် အသုံးဝင်မှုအနေဖြင့်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ၎င်းတို့၏ သုတေသနလုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုရမည့်နည်းပညာများ၊ ဆက်စပ် သုတေသနလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ဤအစီအစဉ်သည် မီဒီယာများ၊ အခြားဆက်သွယ်ရေးဌာနများနှင့် တောင်းဆိုဆွေးနွေးရေး အဖွဲ့အစည်းများ အနေဖြင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မှ ယုံကြည်အားထားနိုင်သည့် သတင်းအချက်အလက် များကိုရရှိနိုင်ပါမည်။ ထို့ကြောင့် ၄င်းအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှု၊ အခက်အခဲ အဟန့်အတား စသည်တို့ကို မှန်ကန်စွာ သတင်းထုတ်ပြန်နိုင်မည်။ ဆောင်းဆိုဆွေးနွေး၊ ရေးသားပြောဆိုမှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။

ဤအစီအစဉ်သည် နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန် စေမည်ဖြစ်ပါသည်။ အထူးသဖြင့်၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်

ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ရုံသာမက ၎င်းတို့ပံ့ပိုးလိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများကို မြို့နယ်အဆင့်တွင် ညှိနှိုင်း ဆောင်ရွက်နိုင်လာပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကျေးရွာမှ ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ဘက်စုံ၊ ကဏ္ဍစုံမှ သုံးသပ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ အကောင်အထည်ဖော်မည့် လုပ်ငန်းများကို လူထုကိုယ်တိုင်ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျွန်ုပ်တို့တွင် အခက်ခဲအဟန့်အတားများရှိသည်ကို သတိပြုမိပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အ ထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုနှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တစ်ဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက်အကျဆုံး တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပွလီပင်လယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ပုလောမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အလယ်ပိုင်းတွင်တည်ရှိပြီး ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ မြိတ်မြို့နှင့် တနင်္သာရီမြို့များဖြင့် ထိစပ်လျက်ရှိပြီး ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

မိကျောင်းဖြူကျေးရွာသည် နန်းသီလာကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပုလောမြို့မှ(၁၀)မိုင်နှင့် ပုလောမြို့မှ (၃၄) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ရွာများမှာ နန်းသီလာကျေးရွာ၊ မဒေါကျေးရွာ၊ သပြုပြင်ကျေးရွာတို့ ဖြစ်ကြပါသည်။ ပုလောမြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၉) ရက်နှင့်မိုးရေချိန်မှာ (၂၀၇.၁၃) လက်မအထိ ဖြစ်ပါသည်။

ပုလောမြို့နယ်သည် တနင်္သာရီရိုးမမှ ဖြာဆင်းလာသော တောင်တန်းများနှင့် မြေပြန့်လယ်ယာများပါဝင် သောပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်း ဖြစ်ပါသည်။ မိကျောင်းဖြူကျေးရွာသည် ပထဝီဝင် အနေအ ထား အရ တောင်ကုန်းပေါများသောအပိုင်းတွင် တည်ရှိပါသည်။ ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် (၁၀) မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ မိကျောင်းဖြူကျေးရွာသည်ဥယျာဉ်ခြံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်

(ခ) သဘာဝအရင်းအမြစ်များ

ပုလောမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသောဒေသဖြစ်သည်။ မိချောင်းဖြူကျေးရွာတွင် ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်နေမှုကို တွေ့ရှိရပြီး စီးပွားဖြစ် လုပ်ကိုင်နိုင် သည်တော့ မဟုတ်ပေ။ အခြားသဘာဝ အရင်းအမြစ်များ ဖြစ်ကြသော ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ဖြစ်သော ကျား၊ ဝက်ဝံ၊ တောဝက်၊ ဂျီ၊ ဆတ်၊ တောင်ဆိတ်၊ တောခွေး တွေ့ရှိသော်လည်း ဆေးဖက်ဝင် အပင်မျိုးစိတ်များကို မတွေ့ နိုင်ပါ။ နွားစာဖြစ်သည့် မြက်မျိုးများကို တွေ့ရပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ - မိကျောင်းဖြူကျေးရွာတွင် အိမ်ခြေပေါင်း (၅၉) အိမ် ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၁၉) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄) ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ ၅၃.၆ % ရှိပြီး၊ ၎င်းတို့၏ ဝင်ငွေအပေါ်တွင် မှီခိုသူ ဦးရေမှာ ၄၆.၄ % ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု - ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/ရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ အိမ် ထောင်စု (၈၀) ရာခိုင်နှုန်း မှာ ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ မြေယာ အနည်းငယ်သာ ပိုင်ဆိုင်ပြီး၊ ဝင်ငွေ နည်းပါးကြ ပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်း (၂၀) ခန့် ရရှိကြပါသည်။ ကွမ်းသီးခြံ ဧက (၂၀) ပိုင်ဆိုင်သူဦးရေမှာ (၃) အိမ် ထောင်စု၊ (၁၅) နှင့် (၁၀) ဧက ပိုင်ဆိုင်သူ (၂) အိမ်ထောင်၊ (၁၅) နှင့် (၁၀) ဧက ကြားပိုင်ဆိုင်သူမှာ အိမ်ထောင်စု (၁၈) စုဖြစ်ပြီး၊ ကျန် (၃၆) အိမ်ထောင်စုမှာ (၅) ဧက အောက်ပိုင်ဆိုင်သူနှင့် မြေယာမဲ့များ ဖြစ်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု - နွမ်းပါးအိမ်ထောင်စု (၅၂) ရှိသည်အနက် (၉) အိမ်မှာ ၃ လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်း ပုံမှန်/ နပ်မှန် အောင် စားသောက်နိုင်ပြီး၊ (၉) အိမ်မှာ ၃ လ နှင့် ၅ လ အထိ နှင့် (၄၃) အိမ်မှာ ၆ လ မှ ၁၂ လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပါသည်။ ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သော မိသားစု၊ ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့ကျပန်း၊ နေ့စား အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ ထိုအိမ်ထောင်စုများမှာ ကျေးရွာအတွင်း အများစု ဖြစ်ကြပြီး၊ စားကြွေးတင်နေကြသူများ လည်း ဖြစ်ပါသည်။ ရာသီချိန်မတိုင်မီ အကြွေးယူစားသုံးနေရပြီး၊ အလုပ်ချိန်ရောက်လာလျှင် လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရသော အိမ်ထောင်စုများလည်း ဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်း အလုပ်များလုပ်ရန် အခက်အခဲများကြောင့် စီးပွားရေး ထိခိုက်မှုများ ဖြစ်ပေါ်ပါက ရပ်တည်ရန် ခဲယဉ်းသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ - မိကျောင်းဖြူကျေးရွာသည် တော၊ တောင်များနှင့် ထိစပ်လျက် တည်ရှိ သောကြောင့် ကျေးရွာသူ/သား အားလုံးနီးပါး ငှက်ဖျားရောဂါဖြစ်လေ့ရှိပါသည်။ ဒုတိယမှာ တုပ်ကွေးဖြစ် ပါသည်၊ တီဘီရောဂါ ဖြစ်ပွားသူ-(၃) ဦး ရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် တပေါင်း၊ တန်ခူးနှင့် ဝါခေါင်လတို့တွင် ကလေးများ၌ အဖြစ်များပြီး ပလောက်ဆေးရုံသို့ တက် ရောက် ရသည်အထိ ဖြစ်လေ့ ရှိသည်။ မိကျောင်းဖြူကျေးရွာတွင် သောက်ရေအဖြစ် ရေတွင်း (၈) တွင်းကို အားထား အသုံးပြုပါသည်။ (၄) တွင်းမှာ သန့်ရှင်းရေး အကာအရံများ ပြုလုပ်ထားပြီး၊ ကျန် (၄) တွင်းမှာ အကာအရံမရှိပါ။ သုံးရေအတွက် ပလောက် ချောင်းကိုသာ အသုံးပြုပါသည်။ သောက်သုံးရေအဖြစ် စိမ့်စမ်းရေသွယ်ယူရန် အခွင့်အလမ်းများရှိနေပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ - မိကျောင်းဖြူကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းမှ ပြီးဆုံးသူ (၇၄) ဦး၊ မူလတန်း (၄၉) ဦး၊ အလယ်တန်း (၁၈) ဦး၊ အထက်တန်း (၁၂) ဦး၊ တက္ကသိုလ် (၁) ဦး စသည်ဖြင့် ပညာရေး အဆင့်ဆင့်ပြီးဆုံးသူ ဦးရေများဖြစ်ပါသည်။ လက်ရှိတွင်လည်း အခြေခံပညာအဆင့်ဆင့်ကို တက်ရောက်နေ

သူများ အရေအတွက်သည် ယခင်ကာလများထက် တဖြည်းဖြည်း များလာသည်မှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာ ဖြစ်ပါသည်။

ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းသည် နှစ်ရှည်ဥယျာဉ်ခြံများဖြစ်၍ ကွမ်းသီးနှင့် အခြား နှစ်ရှည်သီးပင်များဖြစ်သော ဒူးရင်း၊ နာနတ် စသည်တို့ကိုသာ အားထား စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုအားလုံးနီးပါး လယ်ယာ၊ ဥယျာဉ်တို့ကို ပိုင်ဆိုင်ကြပြီး ဝင်ငွေကို ဥယျာဉ်ခြံ အနည်း အများ ပိုင်ဆိုင်မှုပေါ်မူတည်၍ ကွာခြားသွားပါသည်။ ကျန်အိမ်ထောင်စုများ၏ အခြားဝင်ငွေရလုပ်ငန်းများမှာလက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ ဆန်စက်နှင့်လက်သမား စသည်တို့ဖြစ်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု - မိကျောင်းဖြူကျေးရွာတွင် အမျိုးသမီးလုပ်သားမှာ အမျိုးသား လုပ်အားထက် ၅ % ခန့် ပိုမိုပါသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၃,၅၀၀) ကျပ်နှင့် အမျိုးသားတစ်ဦးလျှင် (၅,၀၀၀) ကျပ် ရရှိကြပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါ ဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် - မိကျောင်းဖြူကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့် ဖွဲ့စည်းထားခြင်းမရှိပါ ။ လုပ်ငန်းတစ်ခုခုကြိုလာလျှင် စုပေါင်း၍ ဖြေရှင်းလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာဘာသာရေး၊ ပညာရေး၊ မီးဘေး၊ အမျိုးသမီးရေးရာနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်း မရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည်နိုင်ငံတော်အစိုးရ လက်အောက်ရှိကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သောဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာအဖွဲ့အစည်း (NRC)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအကူအညီများကိုရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ** ကိုကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ဤကော်မတီသည်လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သောဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ - မိကျောင်းဖြူကျေးရွာတွင် ဥယျာဉ်ခြံမြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် (၄၆) အိမ်ဖြစ်ပြီး၊ စုစုပေါင်းအိမ်ထောင်စု၏ (၇၇.၉၇) ရာခိုင်နှုန်းခန့်ရှိ၍ ကွမ်းသီး စိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ပြီး၊ ဒူးရင်း၊ ဒညင်းတို့ကိုလည်း စိုက်ပျိုးပါသည်။ စုစုပေါင်း ဥယျာဉ်ခြံမြေ (၂၅၁) ဧက နှင့်

တောင်ယာ (၃၉) ဧက ရှိ၍ မြေယာမဲ့လုပ်သားများကို မှီခို အားထားရပါသည်။ မွေးမြူရေးကို လုပ်ကိုင်သော မိသားစု (၁၇) ခန့် ရှိကြပါသည်။ ဝက်၊ ကြက်၊ ဘဲ များကို တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ အချို့အိမ်ထောင်စုများမှ သစ်တိုက်၊ ဝါးတိုက်အတွက် ကျွဲ၊ နွားများ မွေးမြူကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ - ကျေးရွာအတွင်းရှိ **စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများ** အဖြစ် ကျပန်းလုပ်သားများသည် ဥယျာဉ်ခြံများတွင် နေ့စား အလုပ်လုပ်ပါသည်။ နေ့စားခမှာ တစ်နေ့လျှင် (၅,၀၀၀-၄,၀၀၀) ကျပ် ဖြစ်ပါသည်။ လူငယ်အချို့မှာ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု - သဘာဝဘေးအန္တရာယ်ကြုံတင် ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊တီဗွီတို့မှသိရှိရပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့် ဌာနကမှ သင်တန်းပေးခြင်း ကြုံတင် စီမံပေးခြင်းများမရှိပါ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု - ကျေးရွာတွင် လယ်စပါး စိုက်ပျိုးနိုင်ခြင်းမရှိ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ရယူခွင့်မရှိပါ ။ လိုအပ်သော ငွေကြေးကို မိဘဆွေမျိုးများထံမှ ချေးယူကြပြီး အရေးပေါ်လိုအပ်ပါက ပုလောမြို့သို့ သွားရောက်၍ ပြင်ပအပေါင်ဆိုင်များတွင် ပစ္စည်းအပ်နှံ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး - မိကျောင်းဖြူကျေးရွာတွင် မူလတန်းကျောင်းခွဲအဆင့် ပညာသင်ကြားခွင့်ရရှိနေပြီး အစိုးရခန့် ဆရာမ-၂ ယောက်၊ ကျေးရွာခန့် ဆရာမ-၂ ယောက် ဖြင့် သင်ကြားလျက်ရှိပါသည်။ ကျေးရွာသူကျေးရွာသားများမှာ ကျေးရွာခန့် ဆရာမ (၂) ဦးအတွက် လစဉ် ထောက်ပံ့ ပေးလျက်ရှိပြီး မူလတန်းတက်ရောက်သူ ကျောင်းသား ကျောင်းသူများ နှစ်စဉ်တိုးတက် များပြားလာသောကြောင့် ကျောင်းသုံးပရိဘောဂများ လိုအပ်လျက် ရှိနေဆဲ ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍ အတွက် (၁၆) ကီလိုမီတာဝေးသော ပလောက် တိုက်နယ် ဆေးရုံကိုသာ အားကိုး နေရပါသည်။ ဆေးဆိုင်မှာလည်း ပလောက်မြို့တွင်သာရှိပါသည်။ ကျေးရွာ၌ ကုန်စုံဆိုင်မှရောင်းသော ဆေးများသာ ရနိုင်ပါသည်။ တစ်ရွာလုံးအတွက် **သောက်သုံးရေ** ကို ကျေးရွာရှိ စိမ့်စမ်းရေ နှင့် ရေတွင်းများမှ ရရှိပါသည်။ နွေရာသီ ရေရှားပါးချိန်တွင် ရေရရှိသည့် တွင်းများရှာဖွေ၍ ရေခပ်ရသည်မှလွဲလျှင် အခြားမည်သည့် ပြဿနာမရှိပါ။ ကျေးရွာအတွင်းတွင် **ယင်လုံအိမ်သာ** သုံးစွဲသော အိမ်ထောင်စု (၂၈) စု ဖြစ်ပြီး၊ ကျန်အိမ်ထောင်စုများမှာ တောထိုင်ကြပါသည်။ ကျန်းမာရေး အသိပညာရှိသော်လည်း ဆောက်လုပ်ရန် နှောင့်နှေးနေကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု - လူငယ်များမှာ ကျေးရွာ၏ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် အမြဲပါဝင်လျက်ရှိပါသည်။ လူငယ်တို့အတွက် သီးသန့်ပြုလုပ်ပေးသော ပွဲများမရှိပါ။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်း မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့ကလူငယ်များ သင်ယူလေ့လာခွင့်များကို ဟန့်တားထားသည်။ လူငယ်များသည် အရည်အသွေးပြည့်ဝသည့် လူငယ်ခေါင်းဆောင်များထွက်ပေါ်လာစေရန်နှင့် လူငယ်များအတွက် အားကစား ပစ္စည်းများနှင့် အားကစားရုံများ ပံ့ပိုးဖြည့်ဆည်းမှုများလိုအပ်နေကြောင်း ဆွေးနွေး ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
မိကျောင်းဖြူကျေးရွာတွင် ဆိုင်ကယ်အစီး (၃၀) ခန့် ရှိပြီး ပွင့်လင်းရာသီ၌သာ အသုံးပြု၍ မိုးရာသီ၌ စက်လှေကို အသုံးပြုပါသည်။ ကျေးရွာတွင် **လျှပ်စစ်မီး**ကို ဆိုလာ၊ ဒီဇယ် အင်ဂျင်နှင့် ဖယောင်းတိုင်မီးများမှရ ယူကြပါသည်။ ပုဂ္ဂလိကဓာတ်အားလိုင်းမှ ဆက်သွယ်ရန် (၁၀) မိုင်ခန့် ဝေးသောကြောင့် လက်ရှိတွင် ဆိုလာမှရနိုင်သော လျှပ်စစ်မီးကိုသာ အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါသည်။ **သတင်းအချက်အလက်** များကို တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီတို့မှတဆင့်ရရှိကြပါသည်။ တောတောင်ထူထပ်သော ဒေသဖြစ်၍ ကမ်းရိုးတန်းဖုန်း အမျိုး အစား တယ်လီဖုန်းလိုင်း တစ်ခုတည်းသာအသုံးပြုနိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ပုလောမြို့နယ်ခွဲတွင် ရဲစခန်းတည်ရှိပါသည်။ ကျေးရွာအတွင်း မိသားစုများကြား သာမန်သဘောထား မတိုက် ဆိုင် မှုများကြောင့် တင်းမာမှု အချို့သာရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှုမရှိပါ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိကျောင်းဖြူကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေမှာ ကျေးရွာလူဦးရေ၏ (၅၃.၆၀) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၂) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၄) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၁)ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသော ကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍ တွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်း များက လည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

မွေးမြူရန် မြေနေရာအခက်အခဲမရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်စျေးကွက် ကောင်းခြင်း (မြိတ်၊ ပုလောမှ လာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။

ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိနေခြင်း၊ မိမိတို့ဒေသတွင်းတွင်ပင်လုပ်ကိုင်လိုစိတ်ရှိကြသည့် လူငယ်များရှိနေခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် အင်အားတစ်ခုပင် ဖြစ်သည်။ မိကျောင်းဖြူကျေးရွာတွင် သောက်ရေကို ကျေးရွာရှိ ရေတွင်း (၈) တွင်းရှိပြီး၊ စိမ့်စမ်းရေ ရယူနိုင်မည့် သဘာဝအရင်းအမြစ်လည်း ရှိနေပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်း တို့ကို ဆောင် ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

မိကျောင်းဖြူကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ် ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက် များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ် သည်။

မိကျောင်းဖြူကျေးရွာ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ တောင်ယာစပါး စိုက်ပျိုး ခြင်းကြောင့်နောင်တချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် အပင်မျိုးစိတ်များ ပျောက်ဆုံး လာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန်နေရာ ရှားပါးလာခြင်း စသည် ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှု မြင့်မားလာနေပါသည်။ မိကျောင်းဖြူကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ နှစ်ရှည်ပင်ဖြစ်သည့် အတွက်ကြောင့် နည်းပညာ၏ အကျိုးသက်ရောက်မှုအား ချက်ချင်းလက်ခံနိုင်လောက်အောင် မပြောင်းလဲ နိုင်

ခြင်း၊ ပညာတတ်တောင်သူ နည်းပါးခြင်း ကြောင့် နည်းပညာဝန်ဆောင်မှု အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နှင့် ကိုက်ညီသော နည်းပညာ လွှဲပြောင်းမှုပုံစံ အနည်းငယ်ကိုသာ ရွေးချယ် နိုင်ပါသည်။

မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ မွေးမြူရေးဈေးကွက်သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှု မရှိခြင်းကြောင့် မိကျောင်းဖြူကျေးရွာ၏ မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာ များ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ကျန်းမာရေးကိစ္စရပ်များအတွက် (၁၀) မိုင်ခန့်ဝေးသော ပလောက်တိုက်နယ်ဆေးရုံကိုသာ အားထား ရသောကြောင့် ကျန်းမာရေးစရိတ် ပိုမိုသုံးစွဲရပါသည်။ ပညာတတ်ဦးရေ နည်းပါးခြင်းသည် ကျန်းမာရေးဦးစီး ဌာနမှပို့ချသော သင်တန်းသို့တက်ရောက်နိုင်မည့် သင်တန်းသူ/သား ရွေးချယ်ရာတွင်လည်း များစွာအခက် အခဲများ ဖြစ်ရသောအကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း နှင့် လိုက်နာကျင့်သုံးသည့် အလေ့အထများ အားကောင်းလာစေရန် နည်းပညာပေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကြရမည် ဖြစ်ပါသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါ သည်။ ကျေးရွာ၏ဓလေ့မှာ ဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက် ကျန်နေကြရသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်း မီးမရရှိခြင်း၊ စာကြည့်တိုက် မရှိခြင်းတို့က လူငယ်များ၏ သင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။

တောင်ယာစပါး စိုက်ပျိုးခြင်းကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်မှု အားနည်း လာ၍ မိုးကောင်းသောနှစ်များတွင် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ တောင်ကျရေများ ကြောင့် ချောင်းရေများ လျှံခြင်းစသည့် အကျိုးဆက်များ ရှိလာနိုင်ပါသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့ မိကျောင်းဖြူကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင် ယင်းပန်းတိုင်ရောက်ရှိရေး အကောအထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင်ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်း စွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသား အရင်း အမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်း ဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် လိုအပ်သောသွင်းအားစုများ ထည့်သွင်းခြင်း၊ အပင်ပြုစုခြင်းနှင့် အထွက်နှုန်းကောင်းသောမျိုးများ ပြောင်းလဲစိုက်ပျိုးမည်ဆိုလျှင် အရည်အသွေးကောင်းသော ကွမ်းသီးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ဒေသအတွင်း ဖြစ်ပေါ်နေသော ရာဘာစျေးကွက်ကို နားလည်ပြီး စျေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများ စနစ်တကျ သုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ပုလောမြို့နယ် ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ဥယျာဉ်ခြံငယ်ရှင်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးအစီအမံများလုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ ခေတ်မှီသော မွေးမြူရေးနည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ စျေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန်လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများအတွက် အရင်းအနှီးလုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် ဝေးကွာသဖြင့် လတ်တလော ကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာပြားများအား အိမ်တိုင်းစေ့ တပ်ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများထောက်ပံ့ပေးနိုင်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မိကျောင်းဖြူကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေး နေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် မိကျောင်းဖြူကျေးရွာရှိ ကွမ်းသီးကဲ့သို့သော အခြားသီးနှံ စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ နှစ်ရှည်သီးနှံ ဦးစားပေး စိုက်ပျိုးသော ဒေသဖြစ်သည့် အားလျော်စွာ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင် လိုကြ သည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း

မိကျောင်းဖြူကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန် သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုးရေးကုန်ကြမ်းများ ထွက်ရှိသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံ တကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမကကျေးရွာများအလိုက်ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်

ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ချေးငွေအစီအစဉ်များ ဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက် လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်း ကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာ အသုံးချနိုင်ရုံမကဒေသတွင်း တစ်နိုင်တစ်ပိုင် အသေး စားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများတိုးတက် လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက် လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေ မည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ် ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝ ဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင် ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ် ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ် လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲ ထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနား လည်ရန်အထောက်အကူပြုပါမည်။ Economic classification သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့် စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
ပညာရေး					
ကလေး ပညာရေး ဖွံ့ဖြိုးရေး	ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး	၉၂	၁	• မူလတန်းကျောင်း တံခါး၊ ပြတင်းနှင့် ပရိဘောဂများ ပြုလုပ်ရေး • ကျောင်းဆရာ/မ အင်အား ဖြည့်တင်းရေး • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်	•
ကျန်းမာရေး					
ကျန်းမာရေး တိုးတက်လာစေရေး	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၈၅	၂	• ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း • ကျေးလက် ဆေးပေးခန်း အတွက် တင်ပြခြင်း • ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်း မီမှုတိုး တက်ရေး • ကျန်းမာရေး အသိ ပညာပေး ဟောပြောပွဲ များစီစဉ်ခြင်း	•
ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး					
သောက်သုံးရေ လုံလောက်စွာ ရရှိရေး	ကျေးရွာတွင် သောက်သုံးရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အတွက် ဆောင်ရွက်ရေး။	၈၀	၃	• (၃၁) အိမ် ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲရေး • ရေတွင်း (၄) တွင်း သန့်ရှင်း ရေး အကာအရံ ပြုလုပ်ခြင်း။ • ရေပိုက်သွယ်တန်းခြင်း	• ကျေးလက်/ ဦးစီး
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး					
လျှပ်စစ်မီး ရရှိရေး	ဆိုလာမီး ရရှိရေးအတွက် အစိုးရဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး။	၇၈	၄	• ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။ • မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း။	• ကျေးလက်/ ဦးစီး
လမ်းပန်း ဆက်သွယ်ရေး					
လမ်း၊ တံတား ကောင်းမွန် လာစေရေး	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး	၇၇	၅	• ရေပြွန် (၁)ခု တည်ဆောက်ခြင်း • ကျောက်ချောလမ်း (၆) ဖာလုံ ခင်းခြင်း။ • ၂၅’ x ၁၄’ x ၆’ တံတား တည်ဆောက်ခြင်း။ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။	• ကျေးလက်/ ဦးစီး
အုပ်ချုပ်ရေး ကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၇၅	၆	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း	• ကျေးလက်/ ဦးစီး

				• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ် ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ် ခြင်း	
စိုက်ပျိုးရေး ကဏ္ဍ					
သတင်းအချက်အလက်နှင့် နည်းပညာသင်တန်း	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုး တက်ရေး	၇၃	၇	• စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန် • လိုအပ်သော နည်းပညာ များအတွက် သင်တန်းများ ပြုလုပ်ခြင်း။ • ဈေးကွက် နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း • နှစ်ရှည်ခြံများ တိုးချဲ့ စိုက်ပျိုးခြင်း	•
တိရစ္ဆာန် မွေးမြူရေး					
ဈေးကွက်နှင့် နည်းပညာ သင်တန်း	မွေးမြူရေးလုပ်ငန်းများတိုးတက် လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး	၆၈	၈	• နည်းပညာပံ့ပိုးဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူ ရေး ထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ် မွေးကုဋ္ဌာန နှင့် ချိတ်ဆက်ခြင်း • မွေးမြူရေး ထုတ်လုပ်ရေးအတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း	•
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
ချေးငွေ လက်လှမ်းမီရေး	ထိရောက်သောချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး	၆၇	၉	• ချေးငွေရရှိရန်ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ် သော အထောက်အထားများ ပြင်ဆင် ခြင်း	•
အခြား ဝင်ငွေရ လုပ်ငန်းများ					
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေ ရေး	၆၅	၁၀	• ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးရေး • ဒေသနှင့်သင့်လျော်သောအသက် မွေးဝမ်းကြောင်း သင်တန်းများ စီစဉ်ပေးရေး (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) • အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး	• ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး	၁	✔	✔			
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၂	✔	✔	✔	✔	✔
၃	ကျေးရွာတွင် သောက်သုံးရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဆောင်ရွက်ရေး။	၃	✔	✔			
၄	ဆိုလာမီး ရရှိရေးအတွက်အစိုးရဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံ ရေး။	၄		✔			
၅	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၅		✔			
၆	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၆	✔	✔	✔		
၇	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး	၇	✔	✔	✔	✔	✔
၈	မွေးမြူရေးလုပ်ငန်း တိုးတက် လုပ်ကိုင်လာရန် အခြေအနေကောင်း များဖန်တီးရေး	၈	✔	✔	✔	✔	✔
၉	ထိရောက်သော ချေးငွေ ဝန်ဆောင်မှုများအား လက်လှမ်းမီရေး	၉	✔	✔	✔	✔	✔
၁၀	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၁၀	✔	✔			

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့် ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား

အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဖ လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင် များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ ကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			စွမ်းရည်မြှင့်တင်ရေး	ငွေလုံးငွေရင်းအသုံးစရိတ်	အထွေထွေရင်းနှီးမြှုပ်နှံမှု	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး					
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး					
၃	ကျေးရွာတွင် သောက်သုံးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဆောင်ရွက်ရေး။					
၄	ဆိုလာမီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး။					
၅	ပို့ဆောင်ရေး အခြေခံအဆောက်အဦများတိုးတက်လာစေရေး					
၆	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး					
၇	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး					
၈	မွေးမြူရေးလုပ်ငန်းတိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများဖန်တီးရေး					
၉	ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး					
၁၀	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်သာ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် တာဝန်ယူဆောင်ရွက်စေ၍ စိုက်ပျိုးရေး အဖွဲ့သည် ကျေးရွာ၏ လယ်ယာကုန်ထုတ်ခြင်း လုပ်ငန်းများတိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုအပ်ပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဖြေရှင်းရန် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - ပညာရေး ကော်မတီသည် ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်း ပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံညီးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန် သီးနှံများတိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီများရယူရန် လိုအပ်ပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော ကော်မတီ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

မိကျောင်းဖြူကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်အတွက် အဆိုပြုစီမံကိန်းများကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပအကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်း တူးဖော် ရေး၊ ပြုပြင်ထိန်းသိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအားထည့်ဝင်မှုစသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအလိုက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်းအကောင်အထည်ဖော်မှုများ အားလုံးအတွက် ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေး အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာပါဝင်ခွင့် ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ်ရှိလာပါမည်။ လူထု၏ပိုင်ရှင်စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ၏ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ်စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများ မတည်မြဲ နိုင်ပါ။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘောသဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်းကွဲပြားပါသည်။ ကျေးရွာတွင်းဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။

၁။ အုပ်ချုပ်ရေးအဖွဲ့ နှင့် အုပ်စုအထောက်အကူပြု အဖွဲ့

အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏အရေးကိစ္စ အဝဝကို ကနဦးကပင်တာဝန်ယူ ဆုံးဖြတ်သောအဖွဲ့ဖြစ်ပြီး အထောက်အကူပြုအဖွဲ့သည် ကျေးရွာ၏ လူမှုစီးပွား အရေးကိစ္စများကို ပေါင်းစပ်ပေးရန် တာဝန်ရှိပါသည်။ လုပ်ငန်းရပ်အလိုက် ကော်မတီက သက်ဆိုင်ရာ ဌာနများကိုပေါင်းစပ်ရာတွင် အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ နှစ်ရပ်စလုံးသည် အလွန်အရေးကြီးသော မိတ်ဖက်အဖွဲ့များဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမူးနှင့် ကျေးရွာမှရပ်မိရပ်ဖများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ နာယကများအဖြစ် ထည့်သွင်းဖွဲ့စည်းထားပြီး ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏လုပ်ငန်းလည်ပတ်မှုများကိုအကြံပေးလမ်းညွှန်ကြမည်၊ လိုအပ်သော အထောက်အကူ များကို ပေါင်းစပ်ပံ့ပိုးသွားမည် ဖြစ်ပါသည်။

၂။ စိုက်ပျိုး မွေးမြူရေး အဖွဲ့

မိကျောင်းဖြူကျေးရွာ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အဆိုပြုတိုင်ပင်ထားသော လုပ်ဆောင်မည့် စီမံကိန်းများကို အကောင်အထည်ဖော်ရန် စိုက်ပျိုးမွေးမြူရေးအဖွဲ့မှ ဦးဆောင်၍ လိုအပ်သည့် လုပ်ငန်းစဉ်များအလိုက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အဖွဲ့အစည်းများအား ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ

စီမံခန့်ခွဲမှု စသည်တို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် နာယကများ၏ ဦးဆောင်မှုအောက်တွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်နေသူ တောင်သူများနှင့် မွေးမြူရေးသမားများ၏ ပူးပေါင်းပါဝင်မှုဖြင့် စိုက်ပျိုးမွေးမြူရေး အဖွဲ့မှ တာဝန်ယူဆောင်ရွက်သွားပါမည်။

၃။ ပညာရေး၊ ကျန်းမာရေး အဖွဲ့

ကျေးရွာ၏ ပညာရေး နှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများ ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ကျေးရွာလူထုများမှ အဆိုပြုထားသောစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပညာရေး၊ ကျန်းမာရေးအဖွဲ့မှ ဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အဖွဲ့အစည်းများအား ချိတ်ဆက် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ပညာရေးကဏ္ဍတွင် ကျေးရွာအတွင်း ဖွဲ့စည်းထားပြီးသော မိဘဆရာအသင်း၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ စသည်တို့နှင့် ပူးတွဲလုပ်ဆောင်သွားမည်ဖြစ်သည်။ မိကျောင်းဖြူကျေးရွာတွင် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ အကျိုးဆောင်အဖွဲ့များ မရှိသောကြောင့် ပညာရေး၊ ကျန်းမာရေးအဖွဲ့မှ ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့၏ ဦးဆောင်မှုအောက်တွင် စနစ်တကျ လုပ်ဆောင်သွားပါမည်။ ထို့အပြင် အဖွဲ့၏အစည်းအဝေးမှတ်တမ်းများ၊ ငွေစာရင်းနှင့် အခြားမှတ်တမ်းများလည်း ထိန်းသိမ်း ထားရန်လိုပါသည်။ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေစာရင်းရှင်းတမ်းအစီရင်ခံစာကို ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံ တင်ပြရပါမည်။ ကျောင်းအဆောက်အဦနှင့် ပရိဘောဂ ဆိုင်ရာ အသေးစားပြုပြင်ရေး ကုန်ကျစရိတ်များ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတိုးတက်ရေး စသည်တို့ အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ မြို့နယ်အခြေခံပညာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန စသည်တို့နှင့် ဆက်သွယ်ဆောင်ရွက် သွားပါမည်။

၄။ စိုက်ပျိုး မွေးမြူရေး မဟုတ်သော အဖွဲ့

မိကျောင်းဖြူကျေးရွာ၏ အဓိကစီးပွားရေးမှာ ဥယျာဉ်ခြံလုပ်ငန်းဖြစ်ပြီး ကျေးရွာအတွင်းတွင် လက်သ မား၊ ပန်းရံလုပ်ကိုင်သူ၊ ကျပန်းလုပ်ကိုင်သူ စသည်တို့မှာ ကျေးရွာအိမ်ထောင်စု၏ (၂၀) ရာခိုင်နှုန်းကျော် ရှိပါ သည်။ ကျေးရွာအတွင်းတွင် ထွက်ရှိသော ကုန်ကြမ်းများကိုသာ တိုက်ရိုက်ရောင်းချကြပြီး ပညာတတ်နည်း ခြင်း၊ ဗဟုသုတအားနည်းခြင်းတို့ကြောင့် အခြားဝင်ငွေတိုးလုပ်ငန်းများ မလုပ်ကိုင်နိုင်ကြပါ။

ထို့ကြောင့် လိုအပ်သော နည်းပညာ အထောက်အပံ့များနှင့် ချေးငွေရရှိနိုင်စေရန် စိုက်ပျိုးမွေးမြူရေး မဟုတ်သောအဖွဲ့သည် နာယကများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ ချေးငွေရရှိနိုင်သော နေရာ များ၊ ဌာနဆိုင်ရာများဖြင့် ချိတ်ဆက်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သွားပါမည်။

၅။ လမ်း၊ တံတား၊ ဆက်သွယ်ရေး အဖွဲ့

မိကျောင်းဖြူကျေးရွာသည် ပုလောမြို့နှင့် (၅၆) ကီလိုမီတာ၊ ပုလောမြို့နှင့် (၁၆) ကီလို မီတာ ကွာဝေးပြီး ဆက်သွယ်ရေး မြန်ဆန်စေရန် ကျေးရွာချင်းဆက်လမ်းမှာ (၆) ဖာလုံခန့် ရှည်၍ ကျောက်ခင်းလမ်းပြုလုပ်ခြင်း၊ ၄င်းလမ်းပေါ်တွင် ရေပြွန် (၁)ခုတည်ဆောက်ခြင်း၊ ၂၅'x ၁၄'x ၆' တံတား တည်ဆောက်ခြင်း ပြုလုပ်ရန် လိုအပ်နေပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာရှိ စိုက်ခင်းများမှ ထွက်ကုန်များအား ဈေးကွက်အတွင်း ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်သည့် ကောင်းကျိုးများ ရရှိခံစားနိုင်စေရန် လမ်း၊ တံတား၊ ဆက်သွယ်ရေးအဖွဲ့သည် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူကာ အဖွဲ့အစည်းဆိုင်ရာ စီမံခန့် ခွဲမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု စသည်တို့ကို နာယကများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများဖြင့် ချိတ်ဆက်လုပ်ဆောင်သွားပါမည်။

၁၁။ စီမံကိန်း ကြိုးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

မိကျောင်းဖြူကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြိုးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြိုးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြိုးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြိုးကြပ်စစ်ဆေး သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၄င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေးဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသောဖွံ့ဖြိုးရေး ဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့်သင့်လျော်သောဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေး အကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြိုးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်း ပါဝင်လာအောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

၁။ ကြိုးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြိုးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြိုးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့ခွဲ အသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်လာပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီး သည် ၄င်းတို့၏ ကြိုးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြိုးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃)ခန့်ပါဝင်သောအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

၂။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ-မြို့နယ်အတွင်းရှိအင်ဂျီအိုအဖွဲ့များ)စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ် သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုမှရရှိသော သင်ခန်းစာများ (အခြားရွာများနှင့်အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှု နှင့် လုံလောက်မှု အခြေအနေ

- အကြံပြု သုံးသပ်ချက်များ

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့်အကြောင်းအရာ နှင့် စိန်ခေါ်မှုများ၊
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်၊
- နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

၃။ နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ လူမှုစီးပွားရေးအခြေအနေ

(၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၈	၉	၁၇	၅.၃၃	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၉	၃၁	၅၀	၁၅.၆၇	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၃	၂၂	၄၅	၁၄.၁၁	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၀	၁၂	၂၂	၆.၉၀	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၈၁	၉၀	၁၇၁	၅၃.၆၀	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၅	၉	၁၄	၄.၃၉	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၄၆**	**၁၅၃**	**၃၁၉**		
စုစုပေါင်း အိမ်ထောင်စု =၅၉			**၅.၄ ဦး / အိမ်ထောင်စု**		

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိကျောင်းဖြူကျေးရွာတွင် အိမ်ထောင်စု (၅၉) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၃၁၉) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက်ပိုမိုပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ ၅၃.၆ % ရှိပြီး၊ မှီခိုသူ ဦးရေမှာ ၄၆.၄% ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက် ပံ့မှု ပေးနိုင်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၃၉	၆၆.၁	၀	ဥယျာဉ် - ၃၉
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၇	၁၁.၇	၀	ဆင်းရဲသော တောင်သူ - ၇
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂၇	လယ်သမားများ နှင့် မြေယာမဲ့ အိမ်ထောင်စုများမှ ကြက်၊ ဝက်၊ နွားတို့ ကိုတစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	

	မိသားစုဝင် လုပ်အား	၀	၀	၀	
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၁	၁၈.၆		မြေယာမဲ့များ - ၁၁တို့သည်ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် နန်းသီလာရှိ သတ္တုတွင်းများတွင်လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၇	၀	လက်သမား - ၁
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၆	စိုက်ပျိုးရေးဆိုင်ရာ ကုန်သည်၊ ပွဲစားများ-၄၊ လက်လီ ရောင်းဝယ်သူ - ၂ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				

	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၈	ဆိုင်ကယ်ကယ်ရီ - ၈
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၁.၇	၀	ထွေ/အုပ်စာရေး - ၁
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၃၀	၁၅ အိမ်ထောင်စုမှ ၃၀ ဦးသည် ထိုင်း နိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်နေကြပါသည်။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
	စုစုပေါင်း	**၅၉**	**၁၀၀**	**၇၃**	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိချောင်းဖြူကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၁၇၁) ဦးဖြစ်ပြီး ကျား (၈၁)ဦးနှင့် မ (၉၀)ဦး ရှိသောကြောင့် ကျားမ လုပ်သားအင်အားညီမျှမှု ရှိပါသည်။ အများစုမှာ ကွမ်းသီးခြံ စိုက်ပျိုးကြပြီး၊ ကျပန်းလုပ်သားအချို့မှာ နန်းသီလာအုပ်စုကျေးရွာရှိ သတ္တုတွင်းများ၌ အလုပ်လုပ်ကြပြီး၊ ကျန်သူများမှာ ကွမ်းသီးခြံများ၌ အလုပ်လုပ်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ (၅,၀၀၀) ကျပ်ခန့် ရရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို အဓိက ထားလုပ်ကိုင်သူ အိမ်ထောင်စု (၄၆) စု ရှိပြီး စုစုပေါင်း အနည်းဆုံး (၁) ဧက မှ (၂၀) ဧက အထိပိုင်ဆိုင်ပါသည်။ ပန်းရံ၊ လက်သမား လုပ်ငန်းဖြင့် အိမ်ထောင်စု (၁) စု အသက်မွေးလုပ်ကိုင်ပြီး၊ တစ်နေ့လျှင် အမျိုးသားတစ်ဦးလုပ်အားခ(၅,၀၀၀) ကျပ်နှင့် အမျိုးသမီးတစ်ဦးလုပ်အားခ(၄,၀၀၀) ကျပ် ရရှိပါသည်။

(၁.၃) သဘာဝ အရင်းအမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက)
လယ်မြေ				
ယာမြေ				
ဥယျာဉ်ခြံမြေ	၂၅၁	သင့်	မရ	စိမ့်ရေ၊ စမ်းရေ
အိမ်ခြံဝင်း စိုက်ခင်း				
ရွှေပြောင်း တောင်ယာ	၃၉	သင့်	မရ	မရ
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၄	သင့်	မရ	မရ
ပလပ်မြေ				
သစ်တောမြေ				
အခြား				
စုစုပေါင်း	**၂၉၄**			

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေစိုက်ပျိုးမြေ အများစုမှာ ဥယျာဉ်ခြံ (ကွမ်းသီးခြံ) များဖြစ်ကြပါသည်။ စိမ့်စမ်းရေ ရရှိသည့် အနေ အထားကောင်းများကြောင့် (၁၂) ရာသီပတ်လုံး ကွမ်းသီးဆွတ်ခူး ရရှိပါသည်။ ဒူးရင်း၊ ဒညင်း၊ စသော သီးနှံများလည်း စိုက်ပျိုး ကြပါသည်။ ရွှေပြောင်းတောင်ယာတွင် ရွှေဝါထွန်း စပါးမျိုးကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးမှုအတွက် ရေအရင်းအမြစ်မှာ မိုးရေကို အဓိက အားထားရပါသည်။

(၁.၃.၂) ဓာတ်သတ္တု နှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တု နှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)		
ဓါတ်သတ္တု (ခဲမဖြူ၊ အဖြိုက်နက်)	နည်း	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	ကျား၊ ဝက်ဝံ၊ တောဝက်၊ ကျီ၊ ဆတ်၊ တောင်ဆိတ်၊ တောခွေး	ခက်ခဲ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	မြက်မျိုးများစွာရှိ	လွယ်

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိချောင်းဖြူကျေးရွာတွင် ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်နေမှုကို တွေ့ရှိရပြီး စီးပွားဖြစ် လုပ်ကိုင်နိုင်သည်တော့ မဟုတ်ပေ။ အခြားသဘာဝ အရင်းအမြစ်များ ဖြစ်ကြသော ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ဖြစ်သော ကျား၊ ဂက်ဝံ၊ တောဂက်၊ ဂျီ၊ ဆတ်၊ တောင်ဆိတ်၊ တောခွေး တွေ့ရှိသော်လည်း ဆေးဖက်ဝင်အပင်မျိုးစိတ်များကို မတွေ့ နိုင်ပါ။ နွားစာဖြစ်သည့် မြက်မျိုးများကို တွေ့ရပါသည်။

(၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	အဆင်ပြေသော အိမ်ထောင်စု	သတ်မှတ်စံနှုန်း: အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ကွမ်းသီးခြံ ၈က(၁၀) ၈က(၃၀) ကျော်	ကွမ်းသီးခြံ ၈က(၁၀) မှ (၃၀)	ကွမ်းသီးခြံ ၈က(၃) မှ (၁၀)	ကွမ်းသီးခြံ ၈က(၃) အောက်၊ မရှိ
အိမ်အခြေအနေ	ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊နှစ်ထပ်	ပျဉ်ကာ၊ ပျဉ်ခင်း၊ ဓနိမိုး၊	ဓနီမိုး၊ကာ၊ ပျဉ်ခင်း၊	ဓနိမိုး၊ ၊ဓနိကာ၊ ဝါးခင်း၊
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	မြက်ဖြတ်စက် ၂ လုံး	မြက်ဖြတ်စက် ရှိ	မရှိ	မရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်-၂စီး ဆိုလာ ၄ ပေ	ဆိုင်ကယ်ရှိ ဆိုလာ ရှိ	မရှိ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	ဈေးဆိုင် စုံစုံ လင်လင်ရောင်း ငွေတိုးပေး	ဈေးဆိုင်လေး ရောင်း ငွေတိုး အနည်း ငယ်ပေး	ဝမ်းစာဖူလုံရုံ	ဝမ်းစာမဖူလုံ
စုစုပေါင်း		**(၇) အိမ် (၁၁.၈၆%)**	**(၁၁) အိမ် (၁၈.၆၄%)**	**(၄၁) အိမ် (၆၉.၅၀%)**

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၀	၀	
၃ လနှင့် ၅ လ အထိ	၉	၁၇.၃၁%	ကြွေးယူပြီးဖြေရှင်း
၆ လ မှ ၁၂ လ အထိ	၄၃	၈၂.၆၉%	အလုပ်လုပ်၍ ရလာသောလုပ်ခဖြင့်ပြေလည်အောင် ဖြေရှင်းသည်။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွမ်းပါးအိမ်ထောင်စု (၅၂) ရှိသည်အနက် (၉) အိမ်မှာ ၃ လ နှင့် ၅ လ အထိ နှင့် (၄၃) အိမ်မှာ ၆ လ မှ ၁၂ လ အထိ ချောင်ဒုးခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖိဖနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၀	၀	၀
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုရှိ		၂	၂
			အိမ်ထောင်စုအရေအတွက်	
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၅	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၂	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာ သွား ရောက်နေထိုင် လုပ်ကိုင် နေသူ		မရှိ	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သော မိသားစု၊ ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့ ကျပန်း၊ နေ့စား အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ ကျေးရွာအတွင်း အများစု ဖြစ်ကြပြီး၊ စားကြွေးတင်နေကြသူများလည်း ဖြစ်ပါသည်။ ရာသီချိန် မတိုင်မီ အကြွေးယူစားသုံးနေရပြီး၊ အလုပ်ချိန်ရောက်လာလျှင် လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရသော အိမ်ထောင်စုများလည်း ဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်း အလုပ်များ လုပ်ရန်အခက်အခဲများကြောင့်စီးပွားရေး ထိခိုက်မှုများ ဖြစ်ပေါ်ပါက ရပ်တည်ရန် ခဲယဉ်း သဖြင့် ထိခိုက်လွယ်သူများဖြစ်ကြပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်း စပါးစိုက်နိုင်မှုအလွန်နည်း
၂	သဘာဝ အရင်းအမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	လတ်	ဥယျာဉ်ဖော်ထုတ်နိုင်ရန်မြေလွတ်များရှိ
၃	ရေကြီးခြင်း	နိမ့်	တစ်ခါတစ်ရံ ပလောက်ချောင်းရေလျှံမှုရှိ
၄	မိုးခေါင်ခြင်း	နိမ့်	
၅	မုန်တိုင်း	နိမ့်	
၆	ငလျင်	နိမ့်	
၇	မီးဘေး	နိမ့်	
၈	ဆားငံရေဝင်မြေ	နိမ့်	
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၀	သစ်တောပြုန်းတီးခြင်း	နိမ့်	
၁၁	ငှက်ဖျားရောဂါ	မြင့်	ရောဂါဖြစ်ပွားသူဦးရေများ
၁၂	တီဘီရောဂါ	နိမ့်	ရောဂါဖြစ်ပွားသူ(၃) ဦးရှိ
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	နိမ့်	
၁၅	လူကုန်ကူးခြင်း	နိမ့်	
၁၆	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	လတ်	မိုးရာသီ ရေလမ်းအသုံးပြု၊ နွေရာသီ ဆိုင်ကယ်လမ်း ချောင်း ၃ ချောင်းဖြတ်ရ

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အရေးကြုံလာပါကအခြားအိမ်ထောင်စုများကဲ့သို့ ပြင်ပတွင်ထွက်၍အလုပ်လုပ်ကိုင် ရန်မလွယ်ကူပါ။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	အရေးကြုံလာပါက အခြားအိမ်ထောင်စုများကဲ့သို့ ပြင်ပတွင်ထွက်၍ အလုပ်လုပ်ကိုင်ရန်မလွယ်ကူပါ။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ	မရှိ	
၅	မြစ်ကမ်းဘေးနေလူထု	မရှိ	
၆	မတော်မဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မရှိ	
၇	ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	
၉	ငါးကန်ပိုင်ရှင်	မရှိ	ငါးမွေးမြူရေးကန်ဖြင့် လုပ်ကိုင်သူ မရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	ကုန်ဈေးနှုန်းအတက်အကျအပြောင်းအလဲကြောင့်ထိခိုက်မှုများပါသည်။
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	မရှိ	
၁၃	နယ်စပ်ဒေသ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မရှိ	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ	ကျန်းမာ ရေး ဌာန၊ NRC တို့ မှ ပညာပေးဟောပြောခြင်း
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	
၁၈	ရွှေပြောင်းလုပ်သားများ	မရှိ	
၁၉	ကားသမား	မရှိ	
၂၀	အခြား	မရှိ	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးအန္တရာယ် တစ်ခုခုနှင့်ကြုံတွေ့ပါက အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ပြင်ပနေရာဒေသများသို့ ထွက်၍ အလုပ်လုပ်ကိုင်ရန် မလွယ်ကူသဖြင့် ထိခိုက်မှု ရှိနိုင်ပါသည်။ ထို့အပြင် ဆင်းရဲသားအိမ်ထောင်စုများနှင့် မြေယာမဲ့ အိမ်ထောင်စုများသည်လည်း အရေးကြုံလာပါက အခက် အခဲ ဖြစ်နိုင်ပါသည်။ မြေအမြင့်ပိုင်းတွင် ရွာတည်ထားခြင်းကြောင့် ရေလွှမ်းမိုးမှုကြောင့် ဘေးအန္တရာယ်ကျရောက်မှု အလားအလာနည်းပါးပါသည်။ (NRC) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့ အစည်းများ၏ ကျန်းမာရေးပညာပေးဟောပြောပွဲများ ရရှိခြင်းကြောင့် နားလည် သဘောပေါက်မှု ရှိ၍ ကူးစက်ရောဂါကြောင့် ထိခိုက်နိုင်မှု နည်းပါသည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်း မရှိပါ။ လုပ်ငန်း တစ်ခုခု ကြိုလာလျှင် စုပေါင်း၍ ဖြေရှင်းလုပ်ကိုင်ယူကြပါသည်။ လက်ရှိ ရှိနေသော အဖွဲ့အစည်းများမှာလည်း စွမ်းဆောင်ရည်မရှိသလောက်ဖြစ်ပါသည်။ ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း အစည်းအဝေးပွဲမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို နာယက တစ်ဦးအပါအဝင်အဖွဲ့ဝင် (၁၇) ဦး ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
၁	ဂေါပက	၃	၅	၀	၅	ဘာသာ ရေး	၄	၆
၂	ကျောင်းကော် မတီ	၂	၃	၀	၃	ပညာရေး	၄	၈
၃	မီးသတ်	၂	၅	၀	၅	မီးဘေးကြို တင် ကာ ကွယ်ရေး	၅	၈
၄	အမျိုးသမီး ရေးရာ	၂	၀	၃	၃	အမျိုးသမီး ကဏ္ဍ	၅	၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

ဂေါပကအဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ လူမှုရေး တို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ကျေးရွာအတွက် အရေးပါသော အဖွဲ့အစည်းလည်း ဖြစ်ပါသည်။ **ကျောင်းကော်မတီ**သည် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းဆောက်လုပ်ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်းစသည့် ပညာရေးနှင့် ပတ်သက်သော လုပ်ငန်းများဆောင်ရွက်ပါသည်။ **မီးသတ်အဖွဲ့သည်** မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သတိပေးခြင်း၊ ကျေးရွာလုံခြုံရေးများဆောင်ရွက်ပါသည်။ **အမျိုးသမီးရေးရာအဖွဲ့သည်** ကျေးရွာရှိ အမျိုးသမီးများ၏ ကျန်းမာ

ရေး၊ စွမ်းရည်မြင့်မားရေးကိစ္စရပ်များ ဆောင်ရွက်ပါသည်။ ကျေးရွာ၏ကိစ္စရပ်များ ပေါ်ပေါက်တာဝန်ယူ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်း အသီးသီးမှ ကျား၊ မ ကိုယ်စားလှယ်များ၊ လူငယ်များပါဝင်သော အဖွဲ့ တစ်ခုကို ဖွဲ့စည်းနိုင်ရန် ဆွေးနွေးရရှိခဲ့ပါသည်။ ထိုအဖွဲ့များကိုလည်း အဖွဲ့အစည်းဆိုင်ရာ သဘောတရား သင်တန်းများပေးရန် အဆိုပြု တောင်းဆိုကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ်
၁	အမျိုးသမီးရေးရာ	၂	အမျိုးသမီး ကဏ္ဍ
၂	NRC	၅	ကျောင်းဆရာမနေအိမ် (၁) လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာရှိ အမျိုးသမီးများ၏ ကျန်းမာရေး၊ စွမ်းရည် မြင့်မား ရေးကိစ္စရပ်များဆောင်ရွက်ပါသည်။ **NRC မှ** ကျောင်းဆရာမနေအိမ် (၁) လုံးဆောက်လုပ်ခြင်း၊ ရေတွင်း (HDW) (၁) တွင်း တူးဖော်ပေးခြင်း၊ ယင်လုံအိမ်သာ (၂၈) လုံး ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃	၂၂.၀၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက် (၁ ဟတ် တာထိ)	၇	၁၁.၈၆	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၁	၅၂.၅၄	တောင်သူငယ်
၄	၅ ဧကမှ၁၂.၅ဧကကြား (၅ ဟတ်တာထိ)	၄	၆.၇၈	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ ဟတ်တာနှင့် အထက်)	၄	၆.၇၈	တောင်သူကြီး
	ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း	**၅၉**	**၁၀၀**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဥယျာဉ်ခြံမြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် (၄၆) အိမ် ဖြစ်ပြီး၊ စုစုပေါင်းအိမ်ထောင်စု၏ ၇၇.၉၇ ရာခိုင်နှုန်းခန့်ရှိ၍ ကွမ်းသီးစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ပြီး၊ ဒူးရင်း၊ ဒညင်း တို့ကိုလည်း စိုက်ပျိုးပါသည်။ ၁၂.၅ ဧက အထက် ပိုင်ဆိုင်သည့် တောင်သူ ၄ ဦး၊ ၅ ဧကမှ ၁၂.၅ ဧက ကြား (၄) ဦး၊ ၂.၅ ဧက မှ ၅ ဧကကြား (၃၁) ဦးနှင့် ၂.၅ ဧကအောက် (၇) ဦး ရှိပါသည်။ စုစုပေါင်း ဥယျာဉ်ခြံမြေ (၂၅၁) ဧကနှင့် တောင်ယာ (၃၉) ဧက ရှိ၍ မြေယာမဲ့လုပ်သားများကို မှီခို အားထားရပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	မရှိ	မရှိ	မရှိ
၂	ရေလွှဲဆည်	မရှိ	မရှိ	မရှိ
၃	မြစ်ရေတင်စီမံကိန်း	မရှိ	မရှိ	မရှိ
၄	ဆည်မြောင်း	မရှိ	မရှိ	မရှိ
၅	အဝီစိတွင်း	မရှိ	မရှိ	မရှိ
၆	လက်ဝင် ရေတွင်း	မရှိ	မရှိ	မရှိ
၇	စိမ့်စမ်းရေ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု		ပျမ်းမျှ	သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး					
စပါး	၃၉	တင်း	၂၀	၃၀	၂၅	မိုးရာသီ	နိမ့်	နိမ့်	တောင်ယာ
ကွမ်းသီး	၂၅၁	ပိဿာ	၃၀၀	၃၅၀	၃၂၅	နှစ်ရှည်	နိမ့်	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိချောင်းဖြူကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်ပြီး စိုက်ဧကမှာ (၂၅၁) ရှိပါသည်။ ကွမ်းသီးတစ်ပိဿာလျှင် ကျပ် (၂,၀၀၀) မှ (၂,၅၀၀) အထိရရှိပါသည်။ အများစုမှာ ကိုယ်တိုင် မဆွတ်ခူးပဲ ကုန်သည်များထံ ပုတ်ပြတ်ရောင်းချကြပါသည်။ ဒေသမျိုး (ရှမ်းဆန်) စပါးကို တောင်ယာများတွင်သာ စိုက်ပျိုးကြပါသည်။ စိုက်ဧက မှာ (၃၉) ရှိပြီး အထွက်နှုန်းမှာ ပျမ်းမျှ (၂၅) တင်းခန့် ရှိပါသည်။

(၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	မရှိ		

ရိတ်သိမ်းစက်	မရှိ	
လက်တွန်းထွန်စက်	မရှိ	
ခြွေလှေ့စက်	မရှိ	
ရေစုပ်စက်	မရှိ	
ခြေနင်းရေတင်စက်	မရှိ	
မျိုးစေ့ချစက်	မရှိ	
မြက်ရိတ်စက်	၃၂	(၃၂) အိမ်မှ (၃၄) လုံးပိုင်ဆိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊သြဇာ)	ရှိ	ဥယျာဉ်ဖေါ်ထုတ်နိုင်ရန် မြေလွတ်များရှိ
ရေအရင်းအမြစ်	ရှိ	ပလောက်ချောင်း နံဘေးတွင် တည်ရှိ
သဘာဝမြေဆွေး၊ သြဂဲနစ်	မရှိ	
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	မရှိ	အတိုးနှုန်းမြင့်မား
သွင်းအားစုစျေးကွက်	ရှိ	ပလောက်မြို့နှင့် (၁၀) မိုင်ခန့် ကွာဝေး
ဝန်ဆောင်မှုစျေးကွက်	မရှိ	
ထုတ်လုပ်မှုစျေးကွက် နှင့် ကုန်သွယ်မှု	မရှိ	ကျေးရွာသို့ ကုန်သည်များလာဝယ်၊ ပလောက် စျေးသို့ ရောင်းချနိုင်
အခြား(၁)		
အခြား(၂)		
အခြား(၃)		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နှစ်ရှည်သီးနှံစိုက်ပျိုးမှုနှင့် အသက်မွေးရပ်တည်နေသော ကျေးရွာဖြစ်သည့်အလျောက် နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းမှာ အကျိုးအမြတ်ရှိပါသည်။ သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရရှိလာခဲ့လျှင် နှစ်ရှည်သီးနှံစိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ စိုက်ပျိုးနည်းစနစ်မှန်မှန် ကျင့်သုံးလာနိုင်မည် ဖြစ်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	မရှိ	စိုက်ပျိုးမြေတိုးချဲ့နိုင်
ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု	ရှိ	ပြင်ပအတိုးနှုန်းမြင့် (၁၀ မှ ၁၅%)
သွင်းအားစုတတ်နိုင်မှု	ရှိ	အရင်းအနှီးမရှိ
ကျွမ်းကျင်လုပ်သားရှားပါးမှု	မရှိ	
ဆည်မြောင်းရေရရှိမှု	မရှိ	
မိုးရေမလုံလောက်မှု	မရှိ	
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီ အသုံးပြုနိုင်မှု	မရှိ	
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ပိုးမွှားရောဂါနှင့်ပတ်သက်၍ အသိပညာနည်းခြင်း
နည်းပညာအကူအညီ နှင့်	ရှိ	မိရိုးဖလာနည်းအတိုင်းစိုက်ပျိုး၊ သက်ဆိုင်ရာဌာနမှ

နည်းလမ်းများ		ပံ့ပိုးမှုမရခြင်း
ဈေးကွက်လက်လှမ်းမီမှု	ရှိ	ကျေးရွာသို့ ကုန်သည်များလာဝယ်၊ ပလောက်ဈေးသို့ ရောင်းချနိုင်
အစိုးရမူဝါဒနှင့် အစီအစဉ်	မရှိ	
အခြား(၁)		
အခြား(၂)		
အခြား(၃)		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နှစ်ရှည်သီးနှံအတွက် ချေးငွေမရနိုင်ခြင်း၊ မိရိုးဖလာနည်းအတိုင်း စိုက်ပျိုးကြခြင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ ပံ့ပိုးမှု မရခြင်း၊ စိုက်ပျိုးမှု နည်းစနစ် မသိခြင်းတို့သည် ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိက စိန်ခေါ်မှုများ ဖြစ်ပါသည်။

(၂.၂.၂) မွေးမြူရေး လုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွားမြင်း	၄	အိမ်ခြေ (၄) အိမ် မှ (၉)ကောင်ပိုင်ဆိုင်
ကျွဲမြည်းလား	၁၀	အိမ်ခြေ (၁၀) အိမ် မှ (၁၅)ကောင်ပိုင်ဆိုင်
ဆိတ်သိုး		
ဝက်	၇	အိမ်ခြေ (၇) အိမ် မှ (၈)ကောင်ပိုင်ဆိုင်
ကြက်	၁၇	အိမ်ခြေ (၁၇) အိမ် မှ (၁၇၉)ကောင်ပိုင်ဆိုင်
ဘဲ	၄	အိမ်ခြေ (၄) အိမ် မှ (၂၁)ကောင်ပိုင်ဆိုင်
အခြား		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		
ဂဏာန်းမွေးမြူရေးလုပ်ငန်း		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မွေးမြူရေးကို လုပ်ကိုင်သော မိသားစု (၁၇) ခန့် ရှိကြပါသည်။ ဝက်၊ ကြက်၊ ဘဲ များကို တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ အချို့အိမ်ထောင်စုများမှ သစ်တိုက်ဝါးတိုက်အတွက် ကျွဲ၊ နွားများ မွေးမြူ ကြသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ	ကျေးရွာမှ ရွာဓလေ့ အရ သတ်မှတ်ထားသော စားကျက်မြေ (၄) ဧကရှိ

ရေရှိမှု	ပလောက်ချောင်း နံဘေးတွင် ကျေးရွာတည်ရှိ
တိရိစ္ဆာန်မျိုးချေးငွေ	တိရစ္ဆာန် ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါး၊
သွင်းအားစုဈေးကွက်	ပလောက်မြို့ နှင့် (၁၀) မိုင်ခန့် ကွာဝေး၊ လမ်းပန်းဆက်သွယ်မှု အသင့် အတင့် ကောင်းမွန်
ဝန်ဆောင်မှုဈေးကွက်	ပုလောမြို့ နှင့် (၃၄)မိုင်ခန့် ကွာဝေး၊ မြို့နယ်မွေး/ကုဋီးစီးရှိလမ်းပန်းဆက်သွယ်မှု အသင့်အတင့် ကောင်းမွန်
ထုတ်ကုန်ရောင်းဝယ်မှု အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	ပွဲစားများကျေးရွာသို့ လာရောက်ဝယ်ယူနိုင်၊ ပလောက်မြို့သို့ ရောင်းချနိုင်
အခြား(၁)	
အခြား(၂)	
အခြား(၃)	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာမှ ရွာဓလေ့အရ သတ်မှတ်ထားသော စားကျက်မြေ (၄) ဧကရှိပါသည်။ ပုလောမြို့နှင် (၁၀) မိုင်သာ ကွာဝေးသောကြောင့် တိရစ္ဆာန်မျိုးကောင်းများရရှိနိုင်မှုအတွက် အဆင်ပြေပါသည်။ တိရစ္ဆာန်မွေးမြူရေး အတွက် သီးသန့် စီးပွားရေးလုပ်ကိုင်မည် ဆိုပါက အဆင်ပြေနိုင်ပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့်စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမီမှု	အတိုးနှုန်းမြင့်မား၊ ငွေချေးယူပြီးမွေးမြူမှု ဓလေ့မရှိ
ကူးစက်ရောဂါဖြစ်ပွားမှု	တိရစ္ဆာန် ကျန်းမာရေး အသိပညာ နည်းပါး၊ ကာကွယ်နည်းများ ပြည့်ပြည့်ဝဝ မသိ
သွင်းအားစုဈေးကွက်	မျိုးကောင်းမျိုးသန့်များ မရနိုင်
ဝန်ဆောင်မှုဈေးကွက်	
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု	တိရစ္ဆာန် ကျန်းမာရေး အသိပညာပေးမှု နည်းပါး
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်လက်လှမ်းမီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တိရစ္ဆာန် ကျန်းမာရေး အသိပညာပေးမှု နည်းပါးခြင်း၊ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်နေခြင်း၊ မွေးကု/ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိခြင်းတို့သည် မွေးမြူရေးလုပ်ငန်းအတွက် အဟန့်အတားများ ဖြစ်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ် ခြင်း		၁၁		နိမ့် (မြေယာမဲ့များ - ၁၁ တို့ သည် နန်းသီလာရှိ သတ္တုတွင်း များတွင် လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။)
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁			နိမ့် (လက်သမား - ၁)
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်း ဝယ်ရေး	၆			လတ် (စိုက်ပျိုးရေးဆိုင်ရာကုန်သည်၊ ပွဲစားများ - ၄၊ လက်လီရောင်းဝယ်သူ - ၂)
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး			၈	နိမ့် (ဆိုင်ကယ်ကယ်ရီ - ၈)
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)		၁		နိမ့် (ထွေ/အုပ်စာရေး - ၁)
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)		၃၀		နိမ့်(အဓိကအလုပ်အကိုင်မှာကျပန်းလုပ်ကိုင်သူများဖြစ်ပါသည်။ ၁၅ အိမ်ထောင်စုမှ ၃၀ ဦးသည် ထိုင်းနိုင်ငံ၊မလေးရှားနိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်နေကြပါသည်။)
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီ				

များတွင် လုပ်ကိုင်သူများ			
စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	၇	၄၂	၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

ကျပန်းလုပ်သားများ အတွက်ဝင်ငွေရရှိနိုင်သော လုပ်ငန်းမှာ ဥယျာဉ်ခြံများတွင်နေ့စားအလုပ် လုပ်ပါသည်။ နေ့စားခမှာ တနေ့လျှင် (၅၀၀၀-၄၀၀၀)ကျပ် ဖြစ်ပါသည်။ လူငယ်အချို့မှာ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် သွားရောက် လုပ်ကိုင်ကြပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ပလောက်မြို့နှင့်(၁၀)မိုင်ခန့်သာ ကွာဝေးခြင်း၊ စိတ်ပါဝင်စားသည့်လူငယ်၊ လူရွယ်များ ရှိခြင်း	ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိ ခြင်း (ကုန်ချော)နှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း တစ်နိုင်တစ်ပိုင် (သို့) အစုအဖွဲဖြင့် ဆောင်ရွက်သော ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်ရန် စွန့်စား တီထွင်လိုစိတ် နည်းခြင်း (မိရိုးဖလာကျပန်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း) ဈေးကွက်ဆိုင်ရာ နည်းပညာများကို မသိရှိခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ကျပန်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

(၂.၃) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	၁၆ကီလိုမီတာ(ပလောက်မြို့နယ်ခွဲ)	၅၆ ကီလိုမီတာ(ပုလောမြို့)
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	မိုးရာသီ-စက်လှေ၊ နွေရာသီ-ဆိုင်ကယ်	မော်တော်ဆိုင်ကယ်
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	အမျိုးစုံ(စားသောက်ကုန်၊ အဝတ်အစား၊ဆေးဝါး၊ ဆောက်လုပ်ရေးပစ္စည်း ....)	အမျိုးစုံ(စားသောက်ကုန်၊ အဝတ် အစား၊ ဆေးဝါး၊ ဆောက်လုပ်ရေးပစ္စည်း...)
ဈေးအခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှု	သေးငယ်	သေးငယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ပုလောမြို့ နှင့် (၅၆) ကီလိုမီတာ၊ ပလောက်မြို့နှင့် (၁၆) ကီလိုမီတာ၊ ဝေးကွာသောကြောင့် ဈေးကွက်

နှင့် ချိတ်ဆက်မှုမှာ အဆင်ပြေလှ ပါသည်။ ကျေးရွာအဓိက သယ်ယူပို့ဆောင်ရေးမှာ နွေရာသီတွင် ဆိုင်ကယ်နှင့် မိုးရာသီတွင် စက်လှေကို အသုံးပြုပါသည်။

(၂.၄) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေ ရရန် အခက်အခဲများ
အစိုးရဘဏ်	မရှိ				
ပုဂ္ဂလိကဘဏ်	မရှိ				
ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှု ကဏ္ဍ	မရှိ				
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	မရှိ				
ငွေချေးပေးသူ	ချေးငွေ	ကာလ သတ်မှတ်ထား	တစ်လ ၁၀%	လိုအပ်	ချေးငွေအကန့်အသတ်
အပေါင်ဆိုင်	ချေးငွေ	ကာလ သတ်မှတ်ထား	တစ်လ ၁၀%	လိုအပ်	ပစ္စည်း၏ ၅၀%
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	ကာလ သတ်မှတ်ထား	တစ်လ (၅-၁၀%)	မလို	အချိန်တိုင်း မရနိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူမှု ပို၍များပါသည်။ အရေးပေါ် လိုအပ်ပက ပုလောမြို့တွင် ပစ္စည်းပေါင်နှံ၍ဖြေရှင်းရပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲ ရှိနေပါသည်။ ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက် မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

(၂.၅) သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

(၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	အသင့်အတင့်	ဥယျာဉ်ခြံများသာ စိုက်ပျိုးခြင်း၊
အပင်မျိုးစိတ်များ	အသင့်အတင့်	တောင်ယာခုတ်ခြင်း၊ သစ်ဝါးထုတ်လုပ်ခြင်း
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	အနည်းငယ်	ဒေသနည်းများဖြင့်သာ ကာကွယ်မှုများ
ရေအရင်းအမြစ်	အနည်းငယ်	တော၊တောင်၊ ချောင်းများ ထိန်းသိမ်းထား
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ	အသင့်အတင့်	တောင်ယာခုတ်ခြင်း၊ သစ်ဝါးထုတ်လုပ်ခြင်း
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	အသင့်အတင့်	ကြွပ်ကြွပ်အိပ်များ၊ ပလပ်စတစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများသည် မြေဆီဩဇာကြွယ်ဝမှု အသင့်သင့် ရှိနေပါသည်။ သဘာဝမြေဩဇာကို အနည်းငယ်သာ သုံးစွဲကြပါသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြားမရှိခြင်း တို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်း ကြီးမြင့်မှုများ ကြုံတွေ့နေရပါသည်။

(၂.၅.၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း	ပလောက်ချောင်းမှ တစ်ခါတရံ ရေလျှံ	မရှိသေးပါ။
မီးဘေး	လတ်	တောမီး	ရွာသူရွာသားများ ဝိုင်းဝန်း ကာကွယ်ကြပါသည်။
မုန်တိုင်း	နည်း		
ငလျင်	နည်း		
မိုးခေါင်ခြင်း	နည်း		
အအေးလှိုင်း	နည်း		
ပဋိပက္ခ	နည်း		
တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နည်း	ကြက်များတွင် အများအားဖြင့် ဖြစ်တတ်ပါသည်။	ဒေသနည်းများဖြင့်သာ ကာကွယ်ကြပါသည်။
လူရောဂါဖြစ်ပွါးမှု	နည်း		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ပလောက်ချောင်းမှ တစ်ခါတရံ ရေကြီးရေလျှံမှု ဖြစ်ပါသည်။ (၄) နှစ် တစ်ကြိမ်ခန့် ဖြစ်တတ်ပါသည်။

(၂.၆) ပညာရေး

(၂.၆.၁) ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာတတ်မြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့် အထက်၊ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၈	၁၅	၂၃	၁၁.၁၀%
ဘာသာရေးအခြေပြုပညာရေး	၄၁	၃၀	၇၁	၃၄.၃၀%
မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ	-	-	-	- %
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၃၉	၅၇	၉၆	၄၆.၃၉%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၆	၆	၁၂	၅.၈၀%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁	၃	၄	၁.၉၃%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၁	၀	၁	၀.၄၈%
၉ နှစ် အထက် လူဦးရေပေါင်း	**၉၆**	**၁၁၁**	**၂၀၇**	**၁၀၀ %**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။ ။မူလတန်းမပြီးမီ ကျောင်းထွက်သူဦးရေ စာရင်းကို ကောက်ယူခြင်းမရှိခဲ့ပါ။

(၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏%
မူလတန်း(၅-၉နှစ်)	၂၄	၃၁	၅၅	၅၅/၄၅=၁၂၂%
အလယ်တန်း (၁၀-၁၄နှစ်)	၂	၄	၆	၆/၂၂=၂၇.၂၂%
အထက်တန်း(၁၅-၁၆ နှစ်ကြား)	၀	၂	၂	
တက္ကသိုလ်ကျောင်းသား၊သူ	၁	၃	၄	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ(၉) နှစ်ထက် အသက်ကြီး နေသောကြောင့် ဖြစ်ပါသည်။

(၂.၆.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာအတွင်း			၁၆ ကီလိုမီတာ (ပလောက်မြို့)		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု				ပလောက်၌ နေ၍ ကျောင်းတက်ရ		
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၄၀'x ၃၀' x ၁၀'					
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်း					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	မလုံလောက် (စာရေးခုံ(ထိုင်+ရေး)-၁၅ စုံ၊ စားပွဲ-၁၊ ကုလားထိုင်-၄ သင်ပုန်းကြီး-၅)					
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်		၂	၂			
ကျေးရွာခန့်		၂	၂			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းတွင်သောက်ရေအဖြစ် တွင်းရေကိုသာ အသုံးပြုနေပါသည်။ ပညာရေးဦးစီးဌာနမှ ပံ့ပိုးသော နှစ်ခန်းတွဲ ကျောင်းအိမ်သာတစ်လုံးကို အသုံးပြုပါသည်။ ကျေးရွာမှ ကောက်ခံ၍ ပြုလုပ်ထားသော သင်ပုန်းကြီး-၅ချပ်၊ စားပွဲ-၁လုံး၊ ကုလားထိုင်-၄လုံး၊ စာရေးခုံ(ထိုင်ခုံ+စာရေးခုံ)- ၁၅ စုံ များကို ကျောင်းပရိဘောဂအဖြစ် အသုံးပြုလျှက် ရှိပါသည်။ အစိုးရခန့် ဆရာမ-၂ ယောက်၊ ကျေးရွာခန့် ဆရာမ-၂ ယောက်ဖြင့် သင်ကြားလျက် ရှိပါသည်။ ကျေးရွာခန့် ဆရာမများအတွက် ကျောင်းသား မိဘ တစ်အိမ်လျှင် တစ်လ (၄,၀၀၀) ကျပ် နှင့် ကျောင်းသားမရှိသည့် အိမ်တစ်အိမ် တစ်လ (၂,၀၀၀) ကျပ် ကောက်ခံပါသည်။

(၂.၆.၄) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲ နှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ		ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၄ ဦး	
တပည့် - ဆရာ အချိုး	၁၃.၇၅	

မူလတန်းပညာ ကျောင်းထွက်နှုန်း	၅ %
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်မစွမ်းသူများ မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	ပြဋ္ဌာန်းစာအုပ်များကို ပညာရေးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်းစာအုပ် နှင့် စာရေးကိရိယာများကို ကျောင်းသားဝယ်သုံးရ
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	မူလတန်းအဆင့် အခမဲ့ ပညာသင်ကြားရေး စနစ်ကို အကောင်အထည် ဖော်နေပါသည်။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	ပူးပေါင်းပါဝင်မှု အားနည်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ယခုနှစ်တွင် ပညာရေးဌာနမှ ပြဋ္ဌာန်းစာအုပ်များသာ ထောက်ပံ့ပေး၍ လေ့ကျင့်ခန်းစာအုပ်နှင့် ခဲတံများ (ဗလာစာအုပ်တစ်အုပ် - ၄၀၀ ကျပ်၊ ခဲတံတစ်ချောင်း - ၁၅၀ ကျပ်) ကို ဝယ်သုံးရပါသည်။ မိဘဆရာအသင်း၏ စွမ်းဆောင်ရည်မှာလည်း အားကိုး၍ မရပါ ။ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုးဖြင့် တွဲဘက် မူလတန်းကျောင်းကို (၂၀၁၂) ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ တံခါး၊ ပြတင်းများ မတပ်ဆင်နိုင်သေးပါ။ (၂၀၁၃) ခုနှစ်တွင် မူလတန်းကျောင်းခွဲအဖြစ် ပညာရေးဌာနမှ အသိအမှတ်ပြုခဲ့ပါသည်။ ပညာရေးကဏ္ဍ အတွက် အခက်အခဲ ပြဿနာမှာ ၁ - ပြတင်း၊ တံခါးများတပ်ဆင်ရန်၊ ၂ - စာရေးခုံများဖြည့်တင်းရန်၊ ၃ - ဆရာ/မ အင်အားဖြည့်တင်းရန်၊ ၄ -စာရေးကိရိယာများ ဖြည့်တင်းရန်တို့ ဖြစ်ပါသည်။

(၂.၇) ကျန်းမာရေး နှင့် အာဟာရ

(၂.၇.၁) အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁. တုပ်ကွေး	၂. ငှက်ဖျား	၃. တီဘီ	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာသူ/သား အားလုံးနီးပါး ငှက်ဖျားရောဂါဖြစ်လေ့ရှိပါသည်။ ဒုတိယမှာတုပ်ကွေးဖြစ်ပါသည်၊ တီဘီ ရောဂါဖြစ်ပွားသူ - ၃ ဦး ရှိပါသည်။

(၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက် မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက်ကျန်းမာရေးဌာန	-	-	ဆရာဝန်/ကျန်းမာရေးမှူး.. သူနာပြု.... သားဖွားဆရာမ..... ကျန်းမာရေးလုပ်သား	-	-
ဆေးရုံ	၁၆ ကီလို	မရှိ	ဆရာဝန် (၁) ဦး သူနာပြု (၃)ဦး သားဖွားဆရာမ.....	မလုံလောက်	ပုလော ဆေးရုံ

		ကျန်းမာ ရေးလုပ်သား	
ဆေးဆိုင်	၁၆ ကီလို	ဆေးဝါးကျွမ်းကျင်သူ	လက်လှမ်းမီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျန်းမာရေးအတွက် (၁၆) ကီလိုမီတာဝေးသော ပုလောတိုက်နယ် ဆေးရုံကိုသာ အားကိုးနေရပါသည်။ ဆေးဆိုင်မှာလည်း ပလောက်မြို့တွင်သာရှိပါသည်။ ကျေးရွာ၌ ကုန်စုံဆိုင်မှ ရောင်းသောဆေးများသာ ရနိုင်ပါသည်။

(၂.၇.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း အဝိစိတွင်း အဝိစိတွင်း၊ စက်တွင်း ကန်	၈	၄-သင့်၊ ၄-ကောင်း	ရှိ	ရှိ	ရှိ	
မြစ်/ချောင်း မိုးရေသိုလှောင်ကန် စိမ့်စမ်းရေသွယ်တန်း ခြင်း	၁	သင့်	ရှိ	ရှိ	ရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိကျောင်းဖြူကျေးရွာတွင် သောက်ရေအဖြစ် လက်တူးတွင်း (HDW) (၈) တွင်းကို အားထားအသုံးပြုပါသည်။ (၄) တွင်းမှာ သန့်ရှင်းရေး အကာအရံများ ပြုလုပ်ထားပြီး၊ ကျန် (၄) တွင်း မှာ အကာအရံမရှိပါ။ သုံးရေအတွက် ပလောက်ချောင်းကိုသာ အသုံးပြုပါသည်။ ၁။ ရေတွင်း (၄) တွင်း သန့်ရှင်းရေး အကာအရံများ ပြုလုပ်ခြင်း နှင့် ၂။ စိမ့်စမ်းရေ သွယ်ယူရေးလုပ်ငန်းတို့ကို အဆိုပြု ကြပါသည်။

(၂.၇.၄) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၈	NRC အဖွဲ့ မှထောက်ပံ့ပေး
ကျင်းအိမ်သာ		
တောထိုင်	၃၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၂၈) စု ဖြစ်ပြီး၊ ကျန်အိမ်ထောင်စုများမှာ တောထိုင်ကြပါ

သည်။ ကျန်းမာရေး အသိပညာရှိသော်လည်း ဆောက်လုပ်ရန် နှောင့်နှေးနေကြပါသည်။

(၂.၈) လမ်းတံတား အခြေအနေ

(၂.၈.၁) ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
ရွာတွင်းလမ်း	မြေသားလမ်း	သင့်		သုံး		
ချဉ်ကပ်လမ်း	မြေသားလမ်း	သင့်			သုံး	၁.၂ ကီလို

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

နန်းသီလာကျေးရွာ နှင့် ဆက်သွယ်သော လမ်းမှာ (၆) ဖာလုံခန့် ရှည်၍ ကျောက်ခင်းလမ်း ပြုလုပ်လိုပါသည်။ ၄င်းလမ်းပေါ်တွင် ရေပြွန် (၁) ခုတည်ဆောက်ခြင်း၊ ၂၅'x ၁၄'x ၆' တံတား တည်ဆောက်ခြင်း လုပ်ငန်းကို အဆိုပြုကြပါသည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား	မရှိ				
တံတား	မရှိ				
ကြိုးတံတား	မရှိ				
ရေပြွန်	၅'x ၁၂'x ၅'	ဆိုး			သုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၈.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင် ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း ပင်လယ်ရေကြောင်း	၁၆ ကီလို	စက်လှေ		မိုးရာသီ

၁ - လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ပွင့်လင်းရာသီတွင် ဆိုင်ကယ်များသာ အသုံးပြု၍ မိုးရာသီ၌စက်လှေကိုအသုံးပြုပါသည်။ စက်လှေခမှာ လူတစ်ဦးလျှင် အသွားအပြန် (၂,၀၀၀) ကျပ် ဖြစ်ပါသည်။

(၂.၈.၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်၊ ထော်လာကျီ	သုံးဘီးဆိုင်ကယ်၊ ဘတ်စ်ကား	ဘတ်စ်ကား	မြင်းလှည်း
အရေအတွက်	၃			၃၀			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၉) လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေး စနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်းဆိုလာစနစ်	၂၂	သင့်	မိုးရာသီ နေရောင်မရ
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်	၃	သင့်	ဒီဇယ်ဆီ အခက်အခဲ + (ဆိုလာတပ်ဆင်ထား သော အိမ်)
လေစွမ်းအင်			
ဇီဝလောင်စာအခြား	၂၇		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကိုယ်ထူကိုယ်ထ ဝယ်သုံးနေသော ဆိုလာငယ်လေးများ (၂၂) အိမ်ရှိပြီး ထိုသူများမှ ဒီဇယ်သုံး အင်ဂျင် (၃) အိမ် ရှိပါသည်၊ ကျန်အိမ်များမှာ ဒီဇယ်မီးခွက်များ၊ ဖယောင်းတိုင်များကိုသာ အလင်းရောင်အတွက် အသုံးပြုနေရပါသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ဆက်သွယ်ရန် (၁၀) မိုင်နီးပါး ဝေးကွာပါသည်။ ကျောင်းသား ကလေးသူငယ်များအတွက် စာကျက်မှတ် လေ့လာရာ၌ အခက်အခဲ ရှိပါသည်။ သို့ဖြစ်၍ ဆိုလာမီးတပ်ဆင် အသုံးပြုနိုင်ပါက ပိုမို အဆင်ပြေပါမည့် အကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

(၂.၁၀) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၂၃	၄	၁၃			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

ကျေးရွာတွင် CDMA-450 ဖုန်းလိုင်းသာ ဆက်သွယ်နိုင်ပါသည်။ Internet အသုံးမပြုနိုင်ပါ။

(၂.၁၁) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ	ဗွီဒီယိုရုံ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	မရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	မရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ	ကျေရွာအားကစားကွင်း၊အားကစား ပြိုင်ပွဲ၊ စသည်တို့တွင် ပါဝင်ခွင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စားလှယ် အဖြစ် ပါဝင်ခြင်း၊ စေတနာအကျိုးဆောင် အဖြစ် ဆောင် ရွက်ခြင်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	မရှိ	ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေးအတွက် လိုအပ်သောအထောက်အပံ့များ
စာကြည့်တိုက်၊အင်တာနက် စသည်များ အားလက်လှမ်းမီမှု	မရှိ	စာကြည့်တိုက်၊အင်တာနက်၊ကျာနယ် မသုံးနိုင်ပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် အမြဲပါဝင်လျက်ရှိပါသည်။ လူငယ်တို့အတွက် သီးသန့်ပြုလုပ်ပေးသော ပွဲများမရှိပါ။

(၂.၁၂) ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

(၂.၁၂.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမီမှု	မရှိ	ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း
အာမခံလုပ်ငန်းများအားလက်လှမ်းမီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်
လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်	မရှိ	ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲ ရေးကော်မတီ၊
ရဲစခန်းများအားလက်လှမ်းမီမှု	မရှိ	သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်းများ မရှိပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ပလောက် မြို့နယ်ခွဲတွင် ရဲစခန်း တည်ရှိပါသည်။

(၂.၁၂.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	၂	၂	၂	၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁။ စိုးရိမ် ၂။ သာမာန်

ကျေးရွာအတွင်း မိသားစုများကြား သာမန်သဘောထားမတိုက်ဆိုင်မှုများကြောင့် တင်းမာမှုအချို့သာရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်များ
လူသား အရင်းအမြစ် • အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်း လက်တွဲဆောင်ရွက် လေ့ရှိခြင်း။	• မိကျောင်းဖြူကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၈၁) ဦး နှင့် မ (၉၀) ဦး၊ စုစုပေါင်း (၁၇၁) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၃.၆၀) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ(၂)ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၄) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၁) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့်အနာဂတ်ကာလတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ • ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍတွင်လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများ ကလည်း အနာဂတ်ကာလအတွက်အားရ ဖွယ်ရာပင် ဖြစ်သည်။
သီးနှံ ထုတ်လုပ်ရေး • စိုက်ဧရိယာ ကျယ်ပြန့်စွာ ရှိခြင်း	• မိကျောင်းဖြူကျေးရွာတွင် ကွမ်းသီး၊ စပါး စိုက်ပျိုးထုတ်လုပ် သော်လည်း လက်ရှိ အထွက်နှုန်းမှာ စီးပွားဖြစ် တွက်ခြေကိုက် သည့် အဆင့်အထိ မရှိနိုင်သေးပဲ မိသားစု ဝမ်းရေးကို အသင့်အတင့်သာ အထောက်အကူပြုနိုင်မည့် စိုက်ပျိုးထုတ်လုပ်သည့် အဆင့်သာ ရှိသေးသည်ဟု ဆိုရမည် ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိ သီးနှံစိုက်ပျိုးသည့် မြေဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိမှုနှင့် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးသီးနှံများ ဖြစ်၍ အထွက်တိုးနည်းပညာအတိုင်း ထပ်တိုး ကြိုးပမ်း အားထုတ်လာမည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုး၍ ရလာနိုင်သည့် အခြေအနေ တစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။
တိရစ္ဆာန် မွေးမြူရေး • မြေနေရာ အခက်အခဲ မရှိခြင်း • ဝက်ဈေးကွက်ကောင်းခြင်း	• မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက် ကောင်းခြင်း (မြိတ်၊ ပုလောမှ လာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းစသည် တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ • တောထွက်ပစ္စည်းများမှ ဝင်ငွေရ အလုပ်အကိုင်များ ရှိခြင်း။ • ကုန်ချောထုတ်လုပ်နိုင်မည့် ကုန်ကြမ်းများရှိနေခြင်း။	• ပလောက်မြို့ဈေးကွက်နှင့် (၁၀)မိုင် ခန့်ကွာဝေးသဖြင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ကြသော မိသားစုများအတွက်ကုန်ကြမ်းအားတိုက်ရိုက်ရောင်းချခြင်းမပြုပဲကုန်ချောများပြုလုပ်ရောင်းချခြင်း၊ ကျေးရွာအတွင်းတွင်ကုန်ချောထုတ်လုပ်နိုင်သောကုန်ကြမ်းပစ္စည်းများ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ ဒေသတွင်းပင် လုပ်ကိုင်လိုစိတ်ရှိကြသည့် လူငယ်များရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ခုပင် ဖြစ်သည်။
ပညာရေး • ကျောင်းသားမိဘများမှ ပညာရေး ထောက်ပံ့ကြေးများ ထည့်ဝင်ခြင်း	• မိကျောင်းဖြူကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း ရှိခြင်းကြောင့် မူလတန်းအဆင့် တတ်မြောက်သူဦးရေများပြားလာခြင်းနှင့် ကျောင်းသားမိဘများမှ ကျေးရွာခန့် ဆရာမများအတွက် ထောက်ပံ့ကြေးများ ထည့်ဝင်ပေးအပ်ခြင်း စသည်တို့သည် ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။
ရေ အရင်းအမြစ် • စိမ့်စမ်းရေ အရင်းအမြစ်ရှိခြင်း	• မိကျောင်းဖြူကျေးရွာတွင် သောက်ရေကို ကျေးရွာရှိ ရေတွင်း (၈) တွင်းမှ ရရှိသော်လည်း (၄) တွင်းမှာ အကာအရံများ မရှိသောကြောင့် သန့်ရှင်းသောသောက်ရေအတွက် စိတ်ချ လုံခြုံမှု မရှိသဖြင့် သဘာဝစိမ့်စမ်းရေ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်များ
လူငယ် နှင့် ယဉ်ကျေးမှု • လူငယ်များ သည် လူငယ်အသင်းအဖွဲ့ အနေဖြင့် လူကြီးများ၏ဦးဆောင်မှု အောက်တွင် လုပ်ကိုင်ဆောင်ရွက် တတ်ခြင်း။ • မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီး မားမားမရှိခြင်း။	သွယ်ယူရန် စိတ်အား ထက်သန် လျှက်ရှိပါသည်။ စိမ့်စမ်းရေ ရယူနိုင်မည့် သဘာဝ အရင်းအမြစ် လည်း ရှိသောကြောင့် လူဒါန်းပေးနိုင်မည့် အလှူရှင် အဖွဲ့အစည်းအသီးသီးနှင့်သာရိတ်ဆက်ဆောင်ရွက်ရန်လိုအပ်နေပါသည်။ • ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အား ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး • အဖွဲ့အစည်းဆိုင်ရာ သဘော တရားများကို နားလည်မှု အားနည်းခြင်း။ • စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း။	• မိကျောင်းဖြူကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင် ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။
သီးနှံ ထုတ်လုပ်ရေး • အပင်မျိုးစိတ်များ ပျောက်ဆုံး လာခြင်း • စိုက်ပျိုးရေး နည်းပညာများ လိုအပ်နေသေးခြင်း	• မိကျောင်းဖြူကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍တောင်ယာစပါးစိုက်ပျိုးခြင်းကြောင့် နောင်တချိန် တွင် မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ တောတောင်များရှင်းလင်း၍ နေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာရှား ပါးလာခြင်းစသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှုမြင့်မားလာနေပါသည်။ • မိကျောင်းဖြူကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများဖြစ်သည့် ကွမ်းသီးတွင် တစ်ဧကအထွက်နှုန်း ယခုထက် ပိုမိုထွက် ရှိလာအောင် ဆောင်ရွက်ရာတွင် နှစ်ရှည်ပင် ဖြစ်သည့်အတွက် ကြောင့် နည်းပညာ၏ အကျိုးသက်ရောက်မှုအား ချက်ချင်းလက်ခံနိုင်လောက်အောင် မပြောင်းလဲနိုင်ခြင်း၊ ပညာတတ်တောင်သူနည်းပါးခြင်းကြောင့် နည်းပညာဝန်ဆောင် မှုအဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့နှင့် ကိုက်ညီသောနည်းပညာလွှဲပြောင်းမှုပုံစံ အနည်းငယ်ကိုသာ ရွေးချယ်နိုင်ပါသည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ် ရှိခြင်း • မွေးမြူရေး ဈေးကွက် သဘော တရားများ နှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှုမရှိခြင်း	• ရောဂါဖြစ်ပွားမှုကို အချိန်မှီမကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်းတို့အပြင် မွေးမြူရေးဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် မိကျောင်းဖြူကျေးရွာတွင် မွေးမြူရေးကဏ္ဍတွင်ကျယ်ကျယ် ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲ ဖြစ်နေကြပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ • အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊	• စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာ များ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှကုန်ချော

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
• ရင်းနှီးငွေမရှိခြင်း။	ထုတ်လုပ်ရန် နည်း ပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့် အသတ်များ ရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲ ဖြစ်သည်။
ချေးငွေ ဝန်ဆောင်မှု • ချေးငွေ ရရှိရန် အခက်အခဲရှိခြင်း	• မိကျောင်းဖြူကျေးရွာတွင် ပုံစံ (၇) ရရှိနိုင်သော လယ်စပါး စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသောကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေကို ရယူနိုင်ခြင်းမရှိပါ။ စပါးအပြင် အခြားသီးနှံများအတွက် ချေးငွေဝန်ဆောင်မှု အစီ အစဉ်မှာလည်း နိုင်ငံ၏ မူဝါဒများအရ ချေးငွေကို ခံစားခွင့် ရရှိနိုင်ခြင်း မရှိသဖြင့် ဤကျေးရွာ၏ ကွမ်းသီးစိုက် တောင်သူများအနေဖြင့်ချေးငွေကို လက်လှမ်းမီရန်အခက်အခဲ ရှိနေအုံးမည်ဖြစ်ပါသည်။
ကျန်းမာရေး • ကျေးရွာအိမ်ထောင်စု ထက်ဝက် ခန့်သာ ယင်လုံအိမ်သာ သုံးစွဲမှု ရှိခြင်း • ကျန်းမာရေးသင်တန်းတက်ရောက်နိုင်ရန် ပညာတတ်ဦးရေ နည်းပါးခြင်း	• ကျန်းမာရေးကိစ္စရပ်များအတွက် (၁၀)မိုင်ခန့်ဝေးသော ပုလောတိုက်နယ် ဆေးရုံကိုသာ အားထားရသောကြောင့် ကျန်းမာရေးစရိတ် ပိုမိုသုံးစွဲရပါသည်။ ပညာတတ်ဦးရေ နည်းပါးခြင်းသည် ကျန်းမာရေးဦးစီးဌာနမှ ပို့ချသောသင်တန်းသို့ တက်ရောက်နိုင်မည့် သင်တန်းသူ/သား ရွေးချယ်ရာတွင်လည်း များစွာအခက်အခဲများ ဖြစ်ရသော အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။ • ယင်လုံအိမ်သာသုံးစွဲမှု အပိုင်းတွင်လည်း ကျေးရွာအိမ်ထောင်စု ထက်ဝက် ခန့်သာသုံးစွဲနိုင်ပြီး ကျန်အိမ်ထောင်စုများမှာ တောထိုင်စနစ်ကို ကျင့်သုံးသည်ဖြစ်ရာ ကျန်းမာရေး အသိပညာပေး ဟော ပြောပွဲများ စီစဉ်ခြင်း နှင့် လိုက်နာကျင့်သုံးသည့်အလေ့အထများအား ကောင်းလာစေရန် နည်းပညာပေး အဖွဲ့အစည်းများနှင့် ချိတ် ဆက်ကြရမည်ဖြစ်ပါသည်။
လမ်း၊ တံတား • လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊	• လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ အိမ်ထောင်စုတိုင်းမှ ကျေးရွာမီးလင်းရေးအတွက် ငွေအားဖြင့် ပူးပေါင်းပါဝင်ရန် မတတ်နိုင်ခြင်းတို့အတွက် အလားအလာရှိသော အလှူရှင်များ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။
လူငယ် နှင့် ယဉ်ကျေးမှု • ခေါင်းဆောင်မှု အပိုင်းတွင် လူငယ်များမှာ နောက်ကျန်နေခြင်း • သတင်းအချက်အလက် ရရှိမှု အခွင့်အလမ်းနည်းပါးခြင်း	• လက်ရှိကာလတွင် ကျေးရွာရှိ လူငယ် အများစုမှာ အထက်တန်း အဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ ကျေးရွာ၏ဓလေ့မှာ ဘွဲ့ရပြီး သူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါ ဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် သတင်း အချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်း မမှီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်းမီးမရှိခြင်း၊ စာကြည့်တိုက် မရှိခြင်းတို့က လူငယ်များ၏ သင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။
သဘာဝ ဘေးအန္တရာယ် • မြေဆီလွှာများ ဆုံးရှုံးခြင်း • ချောင်းရေလျှံခြင်း	• တောင်ယာစပါး စိုက်ပျိုးခြင်းကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာ ထိန်းသိမ်းနိုင်မှု အားနည်းလာ၍ မိုးကောင်းသော နှစ်များတွင် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ တောင်ကျရေများကြောင့် ချောင်းရေများ လျှံခြင်းစသည့် အကျိုးဆက်များရှိလာနိုင်ပါသည်။

မိကျောင်းဖြူကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စဉ်	အခက်အခဲ /ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဇစ်မြစ်	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြု စီမံချက်
ကဏ္ဍ - အဖွဲ့အစည်းဆိုင်ရာ						
၁။	• အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် အားနည်းခြင်း	• စိတ်ပါဝင်စားမရှိခြင်း • တိကျသည် ဦးဆောင် မှု မရခြင်း • တိကျသည့်လမ်းညွှန်မှု မရခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန မှ သင်တန်းပို့ချနိုင်မည့် အဖွဲ့ များနှင့်ဆက်သွယ်ပေးနိုင် ပါသည်	• ကျေးရွာလူထုသည် အစိုးရ ဌာနများနှင့်ဆက်သွယ် ဆောင်ရွက်သည့်အတွေ့ အကြုံနည်းပါး ခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း	၁။အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်း ရည်များတိုးတက်ရေး • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့ စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီ များ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ဌေကြေး စီမံ ခန့်ခွဲမှု သင်တန်းများစီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း
ကဏ္ဍ - စိုက်ပျိုးရေးဆိုင်ရာ						
၂။	• စိုက်ပျိုးနည်းပညာ မသိရှိခြင်း • စိုက်ပျိုးမြေနည်းပါး ခြင်း	• လေ့လာသင်ယူရန် အ ခွင့်အရေးနည်းပါးခြင်း • စိုက်ပျိုးရေးဌာနနှင့် ဆက်သွယ်ရမှန်း မသိခြင်း • အရင်းအနှီးမတတ် နိုင် ခြင်း	• ကျေးရွာဖွံ့ဖြိုးရေး ကော် မတီ တွင် စိုက်ပျိုးရေး အဖွဲ့ ဖွဲ့စည်းထားခြင်း • တောင်သူများမှာသင် ယူရန် စိတ်ပါနေခြင်း • ဖေါ်ထုတ်နိုင်ရန်မြေ	• ပညာရေးနိမ့်ကျခြင်း • သစ်တောပိုင်မြေများဖြစ် နေခြင်း	• မြို့နယ်စိုက်ပျိုးရေးဌာန၊မြို့နယ် မြေစာရင်းဌာနတို့နှင့်ဆက် သွယ်ဆောင်ရွက်ခြင်း • စိုက်ပျိုးရေးဆောင်ရွက်သည့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း	၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုး တက်ရေး • စိုက်ပျိုးရေး သွင်းအားစုများဆက် သွယ်မှု ရရှိရန် • လိုအပ်သော နည်းပညာများ

စဉ်	အခက်အခဲ /ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဖစ်မြစ်	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြု စီမံချက်
		• လုပ်သားရှားပါး လာခြင်း	လွတ်မြေရိုင်းများရှိခြင်း		များနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း	အတွက် သင်တန်းများ ပြုလုပ်ခြင်း။ • ဈေးကွက်နှင့် သတင်းချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း • နှစ်ရှည်ခြံများတိုးချဲ့ စိုက်ပျိုးခြင်း
ကဏ္ဍ - မွေးမြူရေးဆိုင်ရာ						
၃။	• မွေးမြူရေးကို ဝင်ငွေရလုပ်ငန်းအဖြစ်မလုပ်ကိုင်ကြခြင်း	• မိရိုဖလာအတိုင်း မွေးမြူနေခြင်း • စိတ်ဝင်စားမှုမရှိခြင်း • အကျိုးအမြတ်တွက်ချက်မှုမရှိခြင်း	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင်မွေးမြူရေးအဖွဲ့ဖွဲ့စည်းထားခြင်း • ဆင်းရဲသားအိမ်ထောင်စုများသင်ယူရန်အားထက်သန်နေခြင်း	• ဈေးကွက်တည်ငြိမ်မှုမရှိခြင်း • စွန့်စားလုပ်ကိုင်ရန်မဝံရဲခြင်း	• မွေးမြူရေးလုပ်ငန်းတိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများဖန်တီးခြင်း ○ နည်းပညာဝန်ဆောင်မှု ○ ဈေးကွက်ဖွံ့ဖြိုးရေး	၃။ မွေးမြူရေးလုပ်ငန်း တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများဖန်တီးရန် • နည်းပညာဝန်ဆောင်မှုနှင့်သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန်မြင့်မားစေခြင်း • မြို့နယ် မွေး/ကု ဌာနနှင့် ချိတ်ဆက်ခြင်း • မွေးမြူရေးအတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန်လုပ်ဆောင်ခြင်း
ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ						
၄။	• ကျပန်းလုပ်သား များအလုပ်အကိုင် အခွင့်အလမ်း နည်းပါး ခြင်း	• ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှုမရှိခြင်း (ကုန် ချော) • အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှုအားနည်းခြင်း • မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံ	• ကျေးရွာအတွင်းတွင်ကုန်ချော ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများရှိနေခြင်း • ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်စိတ်အားထက်သန်ခြင်း • နည်းပညာများလိုအပ်	• လုပ်ငန်းသစ် တစ်ခုလုပ်ကိုင်ရန် ယုံကြည်မှု မရှိခြင်း • မိရိုးဖလာ ဥယျာဉ်ခြံလုပ်ငန်းမှလွဲ၍ ပြင်ပဗဟုသုတမရှိခြင်း • ဈေးကွက်လိုအပ်ချက် များကိုနားမလည်ခြင်း (သို့)	• ဈေးကွက်ဆိုင်ရာ နည်းပညာသင်တန်းများ ပေးခြင်း • အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း	၄။ အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး • ဈေးကွက်ဆိုင်ရာ နည်းပညာသင်တန်းများစီစဉ်ပေးရေး • ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကြောင်း သင်တန်း များစီစဉ်ပေးရေး (အလှပြင်၊မုန့်လုပ်၊ စက်ပြင်၊ ဆိုင်ကယ် ပြင်)

စဉ်	အခက်အခဲ / ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဖစ်မြစ်	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြု စီမံချက်
		စိုက်၍ လုပ်ကိုင်ကြခြင်း • ဈေးကွက်ဆိုင်ရာ နည်းပညာများကို မသိရှိခြင်း	ခြင်းနှင့် သင်ယူလိုစိတ် ရှိခြင်း	လေ့လာမှု အားနည်း ခြင်း		• အသေးစားကုန်ထုတ်လုပ်သူများ အဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး • ကုန်ချောထုတ်လုပ်ခြင်းနည်းပညာ တိုးတက်ဖွံ့ဖြိုးရေး
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း						
၅။	• စိုက်ပျိုးစရိတ် မတတ်နိုင်ခြင်း	• စိုက်ပျိုးရေးထုတ်ကုန် ဝင်ငွေ နည်းပါးခြင်း • အခြားဝင်ငွေတိုး လုပ်ငန်းများမရှိခြင်း • ပြင်ပအတိုးနှုန်းမြင့်မား ခြင်း	• အသင့်တင့်မြေဩဇာ ကောင်းမွန်းသော ဥယျာဉ်ခြံများ ရှိခြင်း • နိုင်ငံတော်အစိုးရမှချေးငွေ နှင့်ပတ်သက်သည့်စီမံကိန်းများချမှတ်လာခြင်း	• ဈေးကွက်တည်ငြိမ်မှု မရှိခြင်း • စွန့်စားလုပ်ကိုင်ရန် မဝံရဲခြင်း	• ချေးငွေလုပ်ငန်းဆောင် ရွက်သည့်အဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက် နိုင် ရန် ဖန်တီးပေးခြင်း	၅။ ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး • ချေးငွေရရှိရန်ချေးငွေ ဌာနများ နှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း
ကဏ္ဍ - ပညာရေးဆိုင်ရာ						
၆	• မူလတန်းကျောင်း တံခါး၊ ပြတင်း မတပ်ဆင်နိုင်ခြင်း • ပရိဘောဂများ မပြည့်စုံခြင်း • ကျေးရွာမှ မတတ်နိုင် တော့ခြင်း	• ၂၀၁၃ ခုနှစ်တွင် မူလတန်းကျောင်းခွဲအား ကိုယ့်အား ကိုယ်ကိုးတည်ဆောက်ခဲ့ကြောင့်ကျေးရွာမှ မတတ်နိုင်တော့ခြင်းကျေးရွာမှ မတတ်နိုင် တော့ခြင်း • မြို့နယ်ပညာရေးဦးစီးဌာန သို့အဆိုပြုထားသော် လည်းပံ့ပိုးမှုမရရှိသေးခြင်း	• မြို့နယ်ပညာရေးဦးစီးဌာနမှ ပံ့ပိုးနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခြင်း • ကျေးရွာအိမ်ထောင်စုများမှ အချို့းကျ ကောက်ခံခြင်း • လက်ရှိကျေးရွာမှ ဆရာမ ဌားရမ်းသင်ကြားနေခြင်း	• ရာသီဥတု ဖောက်ပြန်၍ သီးနှံ အထွက်နှုန်းကျဆင်း ခြင်း၍ဝင်ငွေနည်းပါးခြင်း	• ကျောင်းအကျိုးတော်ကော်မတီမှ မြို့နယ်ပညာရေးဦးစီးဌာန နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း • အဖွဲ့အလိုက်အလှူရှင်များ၊ တစ်ဦးချင်းအလှူရှင်များ၊ ဆက်သွယ်ဆောင် ရွက်ခြင်း • ကျေးရွာမှ ဌားရမ်း သင်ကြားရန်စီစဉ်ခြင်း	၆။ ကျေးရွာ၏ပညာ တတ် မြောက်မှု တိုးတက်ရေး • မူလတန်းကျောင်း တံခါး၊ ပြတင်း နှင့် ပရိဘောဂများ ပြုလုပ်ရေး • ကျောင်းဆရာ/မ အင်အား ဖြည့်တင်းရေး • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်

စဉ်	အခက်အခဲ / ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဖစ်မြစ်	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြု စီမံချက်
ကဏ္ဍ - ကျန်းမာရေးဆိုင်ရာ						
၇။	• ကျန်းမာရေးအသိ ပညာနည်းပါးခြင်း	• ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းမရှိခြင်း • ကျန်းမာရေးဟောပြောပွဲများတက်ရကောင်းမှန်းမသိခြင်း • တီဗွီ၊ ရေဒီယိုများနည်းပါးခြင်း	• အလယ်တန်းပညာ ပြီးမြောက်သူများ အနည်းငယ်ရှိလာခြင်း • မြို့နယ်ကျန်းမာရေးဦးစီးဌာနမှကျန်းမာရေးဟောပြောပွဲများသင်တန်းများဆောင်ရွက်နေခြင်း	• အများစုမှာ ပညာရေးနိမ့်ကျခြင်း • အချိန်မပေးနိုင်ခြင်း	• မြို့နယ်ကျန်းမာရေးနှင့်ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီရေးတိုးတက်အောင်ဆောင်ရွက်ခြင်း	၇။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတိုးတက်ရေး • ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း • ကျေးလက် ဆေးပေးခန်းအတွက် တင်ပြခြင်း • ကျန်းမာရေးဝန်ဆောင်မှုများအားလက်လှမ်းမီမှုတိုးတက်ရေး • ကျန်းမာရေး အသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း
ကဏ္ဍ - ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
၈။	• (၃၁) အိမ် ယင်လုံအိမ်သာ မရှိခြင်း	• ကျန်းမာရေး အသိနည်းပါးခြင်း • အလေ့အကျင့် ဖြစ်နေခြင်း	• URC,PSI,NRC ကဲ့သို့ အဖွဲ့အစည်းများရှိနေ ခြင်း • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဖွံ့ဖြိုးရေးဆောင်ရွက်နေခြင်း • စိမ့်စမ်းရေထွက်ရှိခြင်း	• ကုန်ကျစရိတ် မတတ်နိုင်ခြင်း • နည်းပညာမသိရှိခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ URC, PSI, NRC ကဲ့သို့ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍စီစဉ်ဆောင်ရွက်ခြင်း	၈။ ကျေးရွာတွင် သောက်သုံးရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဆောင်ရွက်ရေး • (၃၁) အိမ် ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲရေး • ရေတွင်း (၄) တွင်း သန့်ရှင်း ရေးအကာအရံ ပြုလုပ်ခြင်း • ရေပိုက်သွယ်တန်းခြင်း
၉။	• သန့်ရှင်းသော သောက်သုံးရေ မရခြင်း	• ရေတွင်း (၄) မှာ ပုဂ္ဂလိကပိုင်များ ဖြစ်နေခြင်း • ပလောက်ချောင်းရေကို သုံးစွဲနေခြင်း				
ကဏ္ဍ - အခြေခံအဆောက်အဦဆိုင်ရာ						
၁၀။	• လမ်းပန်းခက်ခဲခြင်း	• ချောင်းအသေး(၁) ချောင်း၊ ချောင်း ကြီး ၁ ချောင်းစီးဆင်း နေခြင်း • မြေသားလမ်းဖြစ်နေခြင်း	• လမ်းခင်းကျောက် အလွယ်တကူရနိုင်ခြင်း • ကျေးရွာသားများ စိတ်အားထက်သန်	• လမ်းခင်းသည့်အတွေ့အကြုံမရှိခြင်း • သက်ဆိုင်ရာ ဌာနမှ ပံ့ပိုးမှုနည်းနေခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာမှ လုပ်အား	၉။ ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး • ရေပြွန် (၁)ခု တည်ဆောက်ခြင်း • ကျောက်ချောလမ်း (၆) ဖာလုံ

စဉ်	အခက်အခဲ /ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ ဖစ်မြစ်	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြု စီမံချက်
		• ငွေကြေးမတတ်နိုင်ခြင်း	နေခြင်း		ပါဝင်နိုင်ခြင်း	ခင်းခြင်း • ၂၅' x ၁၄' x ၆' တံတားတည် ဆောက်ခြင်း
ကဏ္ဍ - ကျေးရွာ မီးလင်းရေး						
၁၁။	• လျှပ်စစ်မီးမရှိခြင်း	• ကျေးရွာ၌ ရန်ပုံငွေ မရှိခြင်း • အစိုးရစီမံကိန်းမရောက်ရှိသေးခြင်း	• ဆိုလာမီး များ အသုံးပြုနိုင်ခြင်း	• မီးလိုင်းများသွယ်တန်းရန် ဝေးကွာ လွန်းခြင်း • ပလောက်မြို့နယ်လျှပ်စစ်မီးသည် ပုဂ္ဂလိကပိုင် ဖြစ်နေခြင်း	• ကျေးရွာမှမီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး ငွေကြေးစုဆောင်းရန် • အစိုးရဌာန နှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း	၁၀။ ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး • ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းရန် • ကျေးလက်/ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ပုလောမြို့နယ်၊ မိကျောင်းဖြူကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည်ဝင်မည့်အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ